မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ မတ် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၇၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၉ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟယ်လင်းနစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကရိုလို့စ်၊ ပါပူးလီယပ်စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားနိုင်ငံရေး သတိရှိကြဖို့လို

ပရိယာယ်ကြွယ်ဝလှတဲ့ သူတစ်ပါးရဲ့ သွေးခွဲမှုကို သတိမထားမိရင် ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်ဟာ တစ်ချိန်ချိန်မှာကျရောက်လာနိုင်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးဟာ နိုင်ငံတော်ရဲ့ မည်သည့်အစိတ်အပိုင်းမှာ နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မာမာရှိကြပြီး အမျိုးသားနိုင်ငံရေး သတိရှိကြဖို့ လိုအပ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ-

နိုင်ငံတော်အစိုးရ၏ ပြုစင်သောစေတနာဖြင့် ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်မှုအပေါ် တိုင်းရင်းသားပြည်သူများက ယုံကြည်နားလည်မှုအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီး ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်

အထင်အမြင်လွဲမှားမှု၊ ဖိအားပေးမှု၊ အကျပ်ကိုင်မှုများ မည်သို့ပင်ရှိစေ ပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားဖြင့် ရှေ့ဆက်သွားမည့် လမ်းကြောင်းအတိုင်း နိုင်ငံတော်သစ်ကို အဆင့်မှန်မှန် တည်ဆောက်သွားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၄

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီး၌ နမ့်တိန်ချောင်းမှရေကိုသွယ်ယူ၍ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါရေအားလျှပ်စစ်စက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားပြီး စက်ရုံကမ္ပည်းကျောက်စာတိုင်နှင့် ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၂၅ ရက်)

စည်းလုံးညီညွတ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးမြှင့်ဖော်ဆောင် ပြည်နယ်နှင့်တိုင်းများ တစ်ဆက်တစ်စပ်တည်းဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်း

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်ခဲ့သည့် ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဥသျှစ်ပင်ဘူတာ ဥပစာရှေ့၌ မတ်လ၂၂ရက်နေ့က ကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ စနစ်တကျချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ၌ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကွန်ရက်သည် အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ "လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဟာ ပြည်သူတွေ၏ လူမှုစီးပွားရေးအတွက် အထောက်အကူပြုသကဲ့သို့ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ကူးလူးဆက်သွယ်သွားလာနိုင်သည့် စည်းလုံးညီညွတ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေလည်း ဖြစ်ကြောင်း"ဟူသည့် လမ်းညွှန်မှာကြားချက်နှင့်အညီ လမ်းတံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချ၍ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန်အတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် စီမံကိန်းများချမှတ်ကာ ဖောက်လုပ်လျက်ရှိပေသည်။

နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးအပိုင်း၌ ကဏ္ဍသစ်များ တိုးတက်ပြောင်းလဲ လာခဲ့ပြီဖြစ်၍ ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးစေရေးအတွက် ရထားလမ်းဟောင်းများ ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်း၊ အဓိကကျသော လမ်းခရီးများတွင် တစ်လမ်းသွားအဆင့်မှ နှစ်လမ်းသွား ဒွေးလမ်းအဆင့်တိုးမြှင့်ခြင်း၊ ဘူတာရုံအသစ် တိုးချဲ့ခြင်းနှင့် မြို့ကြီးများမှ ဘူတာရုံများကို နိုင်ငံတကာအဆင့် မြှင့်တင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုဖွင့်လှစ်သည့် ဥသျှစ်ပင်-ကံမ ရထားလမ်းပိုင်းသည် ၃၅မိုင်ရှည်လျားပြီး ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင်၃၂၀၏ အစိတ်အပိုင်း ဖြစ်သည်။ ကြံခင်း-ဥသျှစ်ပင် ရထားလမ်းမိုင်၄၀ကို ၂၀၀၈ခုနှစ် မတ်လ ၁ရက်နေ့တွင် ဖွင့်လှစ်ပြီးဖြစ်၍ ယခုအခါ ပုသိမ်မှ ကြံခင်း၊ ကြံခင်းမှ ကံမအထိ ၂၂၂မိုင် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပထဝီအနေအထားအရ ရေမြေခြားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်ရန် နယ်စပ်ဒေသများပါမကျန် လမ်းတံတားအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ ဖော်ဆောင်ပေးလျက်ရှိရာ မကြာမီကာလအတွင်း ပြည်နယ်နှင့် တိုင်းများအကြား အမျိုးသားမီးရထားကွန်ရက်ကြီး ဖြစ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ရွှေကူမြို့၌ ရွှေကူ-တိန်းဟွန်း ကျောက်ချောလမ်းသစ်ဖွင့်

ရွှေကူ မတ် ၂၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ရွှေကူ-တိန်းဟွန်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ကျောက်ချောလမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးသန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရွှေကူ-တိန်းဟွန်း ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်အလံများကို စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးသန်းနိုင်က အမှုဆောင်အရာရှိ ဦးခင်အောင်နီသို့ ပေးအပ်သည်။

ရွှေကူ-တိန်းဟွန်း ကျောက်ချောလမ်းသည် အကျယ် ၁၂ပေ၊ အရှည် ၂၈၅၈ပေရှိပြီး လမ်းကုန်ကျငွေမှာ ကျပ် ၁၂၂၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာ့ကုန်သွယ်မှု ဘဏ္ဍာရေးလိုငွေပြမှု ဒေါ်လာဘီလီယံ ၁၀၀ အထိ မြင့်တက်ခဲ့

ဂျီနီဗာ မတ် ၂၄

ကမ္ဘာတစ်ဝန်းရှိ ကုန်သွယ်မှု ဘဏ္ဍာရေးအခြေအနေသည် တစ်စတစ်စဆိုးရွားလျက်ရှိပြီး အကြွေးလိုငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခန့်ရှိနေကြောင်း ကုန်သွယ်ရေး အသိုင်းအဝိုင်းက မတ် ၂၁ ရက်တွင် ပြောကြားသည်။

ကုန်သွယ်မှုဘဏ္ဍာရေးသည် ကမ္ဘာ့ကုန်သွယ်ရေးစီးဆင်းမှုတွင် အရေးပါသည်ဟု ယူဆထားသည်။ သို့ရာတွင် တစ်စတစ်စ ဆိုးရွားနေသည့် ဘဏ္ဍာရေးနှင့် စီးပွားရေး ပြဿနာများ ပေါ်ပေါက်လာပြီး ဘဏ်များက ကုန်သွယ်ရေးအတွက် ကြွေးထုတ်ပေးရာတွင် အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

၂၀၀၉ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ အီရတ်၌ အဓိကကြီးမားသော ဗုံးခွဲတိုက်ခိုက်မှု ခုနစ်ခုဖြစ်ပွား

ဘဂ္ဂဒက် မတ် ၂၄

အီရတ်နိုင်ငံအလယ်ပိုင်း ဒီယာလာပြည်နယ်တွင် မတ် ၂၃ရက်က အသုဘအခမ်းအနား တစ်ခုတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၂၅ဦးသေဆုံးခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ ၂၀၀၈ခုနှစ်ကတည်းက အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ ကျဆင်းခဲ့သော်လည်း စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသည့် ယင်းနိုင်ငံတွင် အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက် ရှိနေသေးကြောင်း သိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီလက စတင်ကာ ၂၀၀၉ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အောက်ဖော်ပြပါ ဖောက်ခွဲ တိုက်ခိုက်မှုကြီးခုနစ်ခုကို ဖော်ပြထားသည်။

ပြီးခဲ့သည့်ဇန်နဝါရီ ၁ရက်က ဘဂ္ဂဒက်မြို့၏တောင်ဘက် ကီလိုမီတာ၃၀အကွာ မြို့တစ်မြို့တွင် လူတစ်ဦးက ကားဖြင့် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၃၀ သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိခဲ့သည်။ ဇန်နဝါရီ ၄ရက်တွင် ဘဂ္ဂဒက်မြောက်ပိုင်း၌ အမျိုးသမီးတစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၄၀သေဆုံးပြီး ၇၂ဦး ဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်တောင်ပိုင်း၌ ဖေဖော်ဝါရီ ၁၁ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၆ဦးသေဆုံးပြီး ၄၃ဦး ဒဏ်ရာ ရရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၃ရက်တွင် ဘဂ္ဂဒက်မြို့၏ တောင်ဘက်ရှိ မြို့တစ်မြို့တွင် အမျိုးသမီးတစ်ဦး ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၃၅ဦးသေဆုံးပြီး ၆၅ဦးဒဏ်ရာရရှိခဲ့သည်။ မတ် ၅ရက်တွင် ဘာဘီလွန်ပြည်နယ် မြို့တော်ဟီလာမြို့ဈေးအနီး ကားဗုံးပေါက်ကွဲမှုကြောင့် ၁၀ဦးသေဆုံးပြီး လူ ၄၀ဒဏ်ရာရရှိခဲ့သည်။ မတ် ၈ရက်တွင် ဘဂ္ဂဒက်အရှေ့ပိုင်း ရဲသင်တန်းကျောင်းရှေ့ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် ၂၈ဦးသေဆုံးပြီး ၅၇ဦး ဒဏ်ရာရရှိခဲ့သည်။ မတ် ၁၀ရက်တွင် ဘဂ္ဂဒက်အနောက်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၃၃ဦးသေဆုံးပြီး ၄၆ဦးဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

မြဝတီရုပ်မြင်သံကြား

၂၅-၃-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ လျှပ်တစ်ပြက်
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၅)
၇း၀၀ ၁၆။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **ထာဝရ** (ပထမပိုင်း) ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ နေတိုး၊ နိုင်းနိုင်း၊ မြင့်မြတ်၊ သဇင်၊ မိုးဟေကို(ဒါရိုက်တာ-မီးပွား)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **ထာဝရ** (ဒုတိယပိုင်း) ဇင်ဝိုင်း၊ မင်းမော်ကွန်း၊ နေတိုး၊ နိုင်းနိုင်း၊ မြင့်မြတ်၊ သဇင်၊ မိုးဟေကို(ဒါရိုက်တာ-မီးပွား)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ် ဆူးဖြူကုန်း၊ မြင်သာတောင်၊ ဒီးဒုတ်ကုန်းနှင့် လေးပင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာကိုးရွာ၏စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ဘောလုံးနှင့်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (ဘဏ္ဍာ/အခွန်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ်မှ ဒေသခံပြည်သူများအားတွေ့ဆုံ စာအုပ် စာတမ်းနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မတ်၂၂ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ယာကြီးတောကျေးရွာအနီးရှိ ယာကြီးတောဆည်သို့ရောက်ရှိ၍ ဆည်အတွင်း ရေဝင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ယာကြီးတောကျေးရွာ၌ ဆူးဖြူကုန်း၊ မြင်သာတောင်၊ ဒီးဒုတ်ကုန်းနှင့် လေးပင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာကိုးရွာတို့မှ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများနှင့် လူငယ်များအတွက် ဘောလုံးနှင့်အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ဒေသခံပြည်သူများအတွက် စာအုပ်စာတမ်းများ၊ ဘောလုံးနှင့်အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် သန်းကြီးကုန်းကျေးရွာ၌ လှိုင်သာ၊ ကူလည်၊ ကျားနေအိုင့်နှင့် မြင်သာတောင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၃ရွာမှ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများနှင့် ကျေးရွာ ဘောလုံးအသင်းများအတွက် ဘောလုံးနှင့်အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၆၀၀ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မကြာမီလပိုင်းများအတွင်း တည်ဆောက်ပြီးစီးမည်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံစီမံကိန်းမှ ဝန်ထမ်းများ၊ ဂျပန်နိုင်ငံ The Kansai Electric Power Co., Inc. မှ Deputy General Manager, Mr. Shoji Tsutsui၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Electrical Equipment Corporation (CNEEC) နှင့် Zeing Orient Holding Group (ZOHG) တို့မှ ပညာရှင်များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် အေရိုးဗစ်အက အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၊ မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများနှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို စက်ရုံစီမံကိန်းဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ပြီးစီးပြီဖြစ်သော ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်သည့်နေ့ ဖြစ်ကြောင်း။

အချိန်ယူတည်ဆောက်

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ်ဓာတ်အား ၅၄မဂ္ဂါဝပ် ထုတ်လုပ်နိုင်အားရှိသည့် နိုင်ငံတော်၏ အကြီးစားရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး ငါးနှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရကြောင်း၊ ရှမ်းပြည်နယ်အတွင်း တည်ဆောက်ပြီးစီးသော စီမံကိန်းများအနက် လောလောဆယ်အချိန်တွင် ဤကျိုင်းတောင်းစက်ရုံစီမံကိန်းသည် အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်း ဖြစ်ကြောင်း။

ရှမ်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ပြည်နယ်ပေါင်း ခုနစ် ပြည်နယ်အနက် ဧရိယာအကျယ်ဆုံး၊ လူဦးရေအများဆုံး ပြည်နယ်ဖြစ်သည့်အပြင် ရှမ်းတိုင်းရင်းသားများနှင့်အတူ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ ကချင်၊ အင်းသား၊ ဓနု၊ ကိုးကန့်၊ 'ဝ'၊ လားဟူ၊ ကော်၊ တောင်ရိုး၊ မြောင်းဇီး၊ လီရှော၊ ထိုင်းနေ၊ ယင်းကြား၊ ယင်းနက်

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စသော တိုင်းရင်းသားမျိုးနွယ်စု များပြားစုံလင်စွာ စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်လည်း ဖြစ်ကြောင်း။

ဆိုးကျိုးမျိုးစုံဖြစ်ပေါ်

သို့ရာတွင် ယခုကဲ့သို့ များပြားစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးတို့ကို ခေတ်အဆက်ဆက်တွင် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့သည့်အပြင် ပယောဂမျိုးစုံ စွက်ဖက်နေသော လက်နက်ကိုင်သောင်းကျန်းမှုအဖုံဖုံကလည်း ရှိနေပြန်သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှု လုံခြုံမှုမရှိခြင်း၊ သွားလာဆက်သွယ်မှု ခက်ခဲခြင်း၊ တိုင်းရင်းသားများ၏ လူနေမှုအဆင့်အတန်းနိမ့်ကျခြင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန် သံသယစိတ်များဖြစ်နေခြင်း စသော လူမှုစီးပွားရေးဆိုးကျိုးမျိုးစုံဖြစ်ပေါ်ခဲ့ပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသည် နှစ်ပေါင်းရှည်ကြာစွာ အလှမ်းဝေးခဲ့ရကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် ဤအခြေအနေဟောင်းများကို ကျော်လွှားနိုင်ရန်အတွက် ပြည်နယ်အတွင်း ကာလရှည်ကြာစွာဖြစ်ပေါ်နေသည့် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် လုံခြုံအေးချမ်းစွာသွားလာနိုင်ရန် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ စိတ်ချလက်ချလုပ်ကိုင်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းလုံခြုံမှုရှိသည့် အခြေအနေကောင်းကို ဖန်တီးပေးနိုင်ရန် အမှန်တကယ်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းသောအရိပ်အာဝါသအောက် ရောက်ရှိအောင် စေတနာထား ကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသား အချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့တည်ဆောက်လာနိုင်အောင် အခြေအနေကောင်းများကို အားထုတ်ထူထောင်ခဲ့ရကြောင်း။

အထူးဖွံ့ဖြိုးရေးဒေသကြီးများ

ယင်းကဲ့သို့ အခြေအနေမျိုးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသတို့ကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်ပြိုင်တည်း ဖိဖိစီးစီးထူထောင်ကာ ရှမ်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစီမံပေးလျက်ရှိကြောင်း၊ တောင်ကြီးဒေသနှင့်အတူ ယှဉ်တွဲပြီး ပြည်နယ်၏မြောက်ပိုင်း လားရှိုးဒေသ၊ အရှေ့ပိုင်း ကျိုင်းတုံဒေသနှင့် ပြည်နယ်၏ အလယ်ပိုင်း ပင်လုံဒေသတို့သည် ကဏ္ဍစုံ၌ မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာလျက်ရှိသည်ကို မျက်မြင်ပင်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက်ရော၊ ဒေသအလိုက်ပါ အရှိန်အဟုန်ရှိရှိ တိုးတက်မှုများ၊ အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း။

စီးပွားရေးဖွံ့ဖြိုးမှုအပိုင်းတွင် ရှမ်းပြည်နယ်တစ်ခုလုံးသည် တတိယ ငါးနှစ်စီမံကိန်းကာလ (၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ)အတွင်း တစ်နှစ် ၁၆ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ပြီး လက်ရှိစတုတ္ထ ငါးနှစ်စီမံကိန်းကာလ ၂၀၀၆-၂၀၀၇ခုနှစ် ပထမနှစ်တွင် ၁၄ရာခိုင်နှုန်းခန့်၊ ဒုတိယနှစ် ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၉ရာခိုင်နှုန်းခန့် စသည်ဖြင့် တိုးတက်မှုနှုန်းကောင်းကောင်းဖြင့် ဖွံ့ဖြိုးလာလျက်ရှိကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

သိသိသာသာ ဖွံ့ဖြိုးတိုးတက်

လယ်ယာကဏ္ဍတွင် အသားတင်စိုက်ပျိုးမြေသည် ၁၉၈၈ခုနှစ်က ဧက ၁၄ သိန်းကျော်သာရှိခဲ့ရာမှ ယခုဆိုလျှင် ဧက ၃၂ သိန်းကျော်အထိ တိုးချဲ့စိုက်ပျိုးလာသကဲ့သို့ စပါးစိုက်ဧကသည်လည်း ယခင်ကဧကရှစ်သိန်းကျော်မှ ယခု ဧက ၁၄ သိန်းကျော်အထိလည်းကောင်း၊ ဆီထွက်သီးနှံဧကသည် ၁ ဒသမ ၅သိန်းခန့်မှ ဧက၃ဒသမ ၅ သိန်းကျော်အထိလည်းကောင်း၊ အစေ့ထုတ်ပြောင်းကို ဧကရှစ်သောင်းကျော်စိုက်ရာမှ ယခုဧကသုံးသိန်းကျော်အထိလည်းကောင်း တိုးချဲ့စိုက်ပျိုးလာနိုင်သည့်အတွက် လယ်ယာကဏ္ဍသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုအပိုင်းတွင် ရှမ်းပြည်နယ်၏ တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသသုံးခုလုံးသည် ဒေသအလိုက်ဆန်စပါးဖူလုံနေပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အလားတူပင် ပြည်နယ်အတွင်း အောင်ပန်း-ပင်လောင်း-လွိုင်ကော် ရထားလမ်း၊ ရွှေညောင်-ရပ်စောက် ရထားလမ်း၊ ရွှေညောင်-တောင်ကြီး ရထားလမ်း၊ တောင်ကြီး-နမ့်စန်-မိုးနဲ ရထားလမ်းစသည့် ရထားလမ်းကြောင်းသစ်များကို ခက်ခက်ခဲခဲ ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ကဲ့သို့ တောင်ကုန်းတောင်တန်းပေါများသည့် ကုန်းမြင့်ဒေသတွင် ရထားလမ်းများ ဖောက်လုပ်ရသည့်လုပ်ငန်းသည် သာမန်အားထုတ် ကြိုးပမ်းမှုလောက်ဖြင့် ဖြစ်ပေါ်လာနိုင်ခြင်းမဟုတ်သည့်အပြင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိလျှင်လည်း လုပ်ကိုင်ဆောင်ရွက်ရန်မဖြစ်နိုင်သော လုပ်ငန်းမျိုးဖြစ်ကြောင်း၊ ယခုဆိုလျှင် နမ့်စန်-ကျိုင်းတုံ ရထားလမ်းသစ်ကြီးတိုးချဲ့ဖောက်လုပ်ရန် ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

တိုးချဲ့ဖောက်လုပ်

ထို့အတူ ကားလမ်းဟောင်းများကို အဆင့်မြှင့်တိုးချဲ့ပြင်ဆင်လျက်ရှိသကဲ့သို့ ကားလမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ သီပေါ-နမ့်လန်-ပန်ကေတုလမ်း၊ ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်း၊ ဟန်မြင့်မိုရ်- မြို့ကြီး-ရှာင်လမ်း၊ ပင်လောင်း-နေပြည်တော်ပျဉ်းမနားလမ်းတို့သည် ရှမ်းပြည်နယ်အတွက် အဝင်အထွက်လမ်းကြောင်းသစ်များဖြစ်ပြီး မန္တလေး-လားရှိုး-သိန္နီ-မူဆယ်လမ်းမကြီး၊ တောင်ကြီး-မိုင်းပျဉ်း-ကျိုင်းတုံလမ်းမကြီး၊ လားရှိုး-မိုင်းရယ်- တန့်ယန်းလမ်း၊ တန့်ယန်း-ပန်ဆန်းလမ်း၊ သိန္နီ-ကွမ်းလုံ-လောက်ကိုင်လမ်း၊ ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်လမ်းစသည့် လမ်းဟောင်းများကိုလည်း အဆင့်မြှင့်တင်လျက်ရှိကြောင်း။

ပြည်နယ်အတွင်း သံလွင်မြစ်ကူးတံတားသစ်ကြီးများအဖြစ် တန့်ယန်းမြို့နယ်တွင် တာကော်အက်တံတား၊ မိုင်းပန်မြို့နယ်တွင် တာဆန်းတံတားနှင့် ကွတ်ခိုင်မြို့နယ်တွင် တာပါးတံတားတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယခင်တံတားဟောင်းများဖြစ်သော ကွမ်းလုံတံတားနှင့် တာကော်တံတားနှစ်စင်းနှင့်ပါ ထည့်တွက်လျှင် ရှမ်းပြည်နယ်အတွင်း သံလွင်မြစ်ကူးတံတားကြီး ငါးစင်းတည်ရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် နမ့်တိန်တံတား၊ မတ်လန်းတံတား၊ လင်းခေးတံတားစသည့် အခြားလိုအပ်သော တံတားများကိုလည်း တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ပညာတတ်များ၊ အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များ ပေါ်ထွက်လာရေးအတွက် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်ပြီး အထူးဖွံ့ဖြိုးရေးဒေသအသီးသီးတွင် တက္ကသိုလ်နှင့် ကောလိပ်များတိုးချဲ့ထူထောင် ဖွင့်လှစ်ခဲ့သကဲ့သို့ လိုအပ်ချက်များအပေါ်တည်မှီပြီး အခြေခံပညာကျောင်းများကို ဒေသအလိုက် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ရှေးယခင်က ပြည်နယ်၏မြို့တော် တောင်ကြီး၌သာ တက္ကသိုလ်၊ ကောလိပ်များရှိခဲ့ရာမှ ယခုဆိုလျှင် အချက်အချာဒေသများဖြစ်သည့် လားရှိုး၊ ကျိုင်းတုံနှင့် ပင်လုံဒေသများမှာပါ ခွဲ့သားထည်ဝါသည့် အဆင့်မြင့်ပညာရပ်ဆိုင်ရာ တက္ကသိုလ်ကောလိပ်များ အစီအရီတိုးချဲ့ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ အခြေခံပညာကိုသာမက အဆင့်မြင့်ပညာများကိုပါ ဒေသအလိုက် လွယ်လင့်တကူ သင်ယူနိုင်ကြပြီဖြစ်ကြောင်း။

အဆင့်မြှင့်တင်

အလားတူပင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ထိရောက်စေရန်အတွက် ပြည်နယ်အတွင်း ဆေးရုံကြီးများကို အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံသစ်၊ ဆေးပေးခန်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ခြုံလိုက်လျှင် ရှမ်းပြည်နယ်သည် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိ၊ လမ်းပန်းဆက်သွယ်မှုကလည်းမကောင်း၊ စီးပွားဖွံ့ဖြိုးမှုအဆင့်ကလည်း နိမ့်ကျစသည့် လူမှုစီးပွားရေးခေတ်နောက်ကျနေမှုများမှ လွတ်မြောက်ပြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိလာကာ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေပြီ ဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအားကဏ္ဍမှကြည့်လျှင် ယခင်က ရှမ်းပြည်နယ်တစ်ခုလုံးတွင် ဒေသသုံးအတွက်သာ လျှပ်စစ်ဓာတ်များကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည့် နမ့်ခမ်း၊ မူဆယ်၊

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ကျိုင်းတောင်းရေတံခွန်နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

တပ်ကြီးစသော အသေးစား ရေအားလျှပ်စစ်သုံးခုသာရှိခဲ့ကြောင်း၊ ယခုဆိုလျှင် နမ့်မျှော်၊ နမ့်ဆောင်ငေါင်း၊ ပါကျက်ဟောင်၊ နမ့်ဆောင်ချောင်း၊ ဇော်ဂျီ(၁)၊ဇော်ဂျီ(၂)၊နမ့်ရှမ်ချောင်း၊ နမ့်ဝုတ်၊ မယ်ပန်၊ မိုင်းလား၊ နမ့်လပ်၊ ဆီလူး စသည့် အသေးစား၊ အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ဇော်ဂျီရေအားလျှပ်စစ်စက်ရုံများမှလွဲ၍ ကျန်စက်ရုံများမှာ ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာဒေသများအတွက်သာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သောအဆင့်တွင် ရှိကြောင်း။

အမျိုးသားအဆင့်

ယနေ့ဖွင့်လှစ်သည့် ၅၄မဂ္ဂါဝပ်ရှိသော ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံနှင့် တည်ဆောက်နေဆဲ မဂ္ဂါဝပ်၆၀၀ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှာ အကြီးစား ရေအားလျှပ်စစ် စီမံကိန်းများဖြစ်ပြီး နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းစနစ်တွင် ဆက်စပ်အကျုံးဝင်သည့်အတွက် နိုင်ငံတော်အတွက်ရော ဒေသအတွက်ပါ အကျိုးပြုနိုင်စွမ်းရှိသော အမျိုးသားအဆင့်စီမံကိန်းကြီးများဖြစ်ကြောင်း။

ယခုဆိုလျှင် ကျိုင်းတောင်းစက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်၌ရှိကြသော ကျိုင်းတောင်း၊ လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ မိုးနဲ၊ မိုင်းပန်၊ မောက်မယ်၊ ပင်လုံ၊ လဲချားစသည့် မြို့များကို ဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် ၎င်းမြို့များသည် အမှောင်ခွင်းပြီး အလင်းဆောင်နေကြပြီဖြစ်ကြောင်း၊ အနာဂတ်တွင် ပြည်နယ်၏ အလယ်ပိုင်း၌ရှိသော မြို့နယ်များနှင့် လူမှုစီးပွားရေးအခြေအနေသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ သေချာနေပြီဖြစ်ကြောင်း။

ဆက်လက်၍ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီဖြစ်သည့်အတွက် ၎င်းစီမံကိန်းပြီးသွားသည့်အခါ လက်ရှိကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုသည် ပိုမိုသေချာခိုင်မာလာမည်ဖြစ်သည့်အပြင် အထက်ကျိုင်းတောင်းစီမံကိန်းမှလည်း လျှပ်စစ်ဓာတ်အားများ ထပ်မံတိုးတက်ရရှိပြီး ရှမ်းပြည်နယ်အတွက်သာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုပါ ပိုမိုအထောက်အကူပြု ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်း။

ပေါင်းစပ်လုပ်ကိုင်

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မကြာမီလပိုင်းများအတွင်း တည်ဆောက်ပြီးစီးမည့် မဂ္ဂါဝပ် ၆၀၀ ရှိသော ရွှေလီရေအားလျှပ်စစ် စီမံကိန်းကလည်း တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် အကျိုးတူပေါင်းစပ်လုပ်ကိုင်နေသည့် နိုင်ငံတော်၏ စီမံကိန်းကြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကို ဖိဖိစီးစီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် အကျုံးဝင်ပြီး တိုးချဲ့တည်ဆောက်ပြီးသည့် ရေအားလျှပ်စစ်စက်ရုံများကို ကြည့်မည်ဆိုလျှင် ဆည်တော်ကြီး၊ ဘီလူးချောင်း (၁)၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ဇောင်းတူ၊ သဖန်းဆိပ်၊ ပေါင်းလောင်း၊ မုန်း၊ ပသိ၊ ရဲနွယ်၊ ခပေါင်းနှင့် ကျိုင်းတောင်းစသော စက်ရုံပေါင်း ၁၂ ရုံ စက်တပ်ဆင် အင်အားပေါင်း မဂ္ဂါဝပ် ၅၉၉ရှိနေပြီဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီကာလက နိုင်ငံတော်၌ လောပိတစက်ရုံနှင့် ကင်းတားစက်ရုံနှစ်ရုံ၏ စက်တပ်ဆင် အင်အားသည် ၁၉၆မဂ္ဂါဝပ်သာရှိခဲ့သည့်အတွက် ရေအားဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်မှုသည် သုံးဆကျော်တိုးတက်ထုတ်လုပ်နိုင်အား ရှိနေပြီဖြစ်ကြောင်း။

တည်ဆောက်လျက်ရှိ

တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်၌ ရွှေလီစီမံကိန်း၊ အထက်ကျိုင်းတောင်း စီမံကိန်း၊ မန္တလေးတိုင်းတွင် ရဲရွာစီမံကိန်း၊ အထက်ပေါင်းလောင်း စီမံကိန်း၊ နန်ချိုစီမံကိန်း၊ မကွေးတိုင်းအတွင်း၌ မုန်းချောင်းတစ်လျှောက် အောက်ဖူးစီမံကိန်း၊ အထက်ဖူးစီမံကိန်းနှင့် ကြီးအုံကြီးဝစီမံကိန်း၊ ချင်းတွင်းမြစ်ဝှမ်းတွင် ထမံသီ၊ ရွှေစာရေး၊ မဏိပူရ၊ ရာဇဂြိုဟ်နှင့် မြစ်သာစီမံကိန်းများ၊ ပဲခူးတိုင်းတွင် ဖြူးချောင်း၊ ကွန်းချောင်း၊ ရွှေကျင်၊ သောက်ရေခပ်(၂)စီမံကိန်းများ၊ ရခိုင်ပြည်နယ်တွင် သူငွေးချောင်းစီမံကိန်း စိုင်တင်စီမံကိန်း၊ အမ်းချောင်းစီမံကိန်းစသည့် စီမံကိန်းများကို တည်ဆောက်လျက်ရှိကြောင်း။

သံလွင်စီမံကိန်း၊ ဧရာဝတီမြစ်ဆုံ စီမံကိန်းစသည့် မဟာစီမံကိန်းကြီးများကိုလည်း အကောင်အထည်ဖော်နိုင်ရန် ကွင်းဆင်းတိုင်းတာ ပြင်ဆင်လျက်လည်းရှိကြောင်း။

တစ်ဖက်မှ လျှပ်စစ်စွမ်းအား ထုတ်လုပ်မှုအပိုင်းကို ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ကြိုးစားပမ်းစား တည်ဆောက်နေသကဲ့သို့ ဓာတ်အားသုံးစွဲသူများအထိ အရောက်ဖြန့်ဖြူးပေးပို့သော ဓာတ်အားလိုင်းစနစ်နှင့် ဓာတ်အားခွဲရုံများကိုလည်း တစ်ပြိုင်တည်း ရင်းနှီးတိုးချဲ့ တည်ဆောက်နေရခြင်းဖြစ်ကြောင်း။

တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများ

စဉ်	အမည်	စဉ်	အမည်
	ရှမ်းပြည်နယ်	၁၀	ရွှေစာရေး
၁	ရွှေလီစီမံကိန်း	၁၁	မဏိပူရ
၂	အထက်ကျိုင်းတောင်းစီမံကိန်း	၁၂	ရာဇဂြိုဟ်
		၁၃	မြစ်သာစီမံကိန်း
	မန္တလေးတိုင်း		
၃	ရဲရွာစီမံကိန်း		**ပဲခူးတိုင်း**
၄	အထက်ပေါင်းလောင်းစီမံကိန်း	၁၄	ဖြူးချောင်း
၅	နန်ချိုစီမံကိန်း	၁၅	ကွန်းချောင်း
	မကွေးတိုင်း	၁၆	ရွှေကျင်
၆	မုန်းချောင်းတစ်လျှောက်အောက်ဖူးစီမံကိန်း	၁၇	သောက်ရေခပ်(၂)
၇	အထက်ဖူးစီမံကိန်း		**ရခိုင်ပြည်နယ်**
၈	ကြီးအုံကြီးဝစီမံကိန်း		
		၁၈	သူငွေးချောင်းစီမံကိန်း
	ချင်းတွင်းမြစ်ဝှမ်း	၁၉	စိုင်တင်စီမံကိန်း
၉	ထမံသီ	၂၀	အမ်းချောင်းစီမံကိန်း

မွန်မြတ်သောရည်မှန်းချက်

တိုင်းပြည်၏ မြစ်ချောင်းများ၊ ရေအရင်းအမြစ်များကို သဘာဝအတိုင်း ပစ်မထားဘဲ အကျိုးရှိရှိ အသုံးပြုနိုင်အောင် ဆည်မြောင်းတာတမံများနှင့် ယခုကဲ့သို့ ရေအားလျှပ်စစ်စက်ရုံများကို ခွဲ၊ လုံ့လ၊ ဝီရိယ တီထွင်ကြံဆမှု၊ အနစ်နာခံမှုတို့ကို အရင်းတည်ပြီး တည်ဆောက်နေခြင်းသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး ဒေသအားလုံး မျှတစွာဖွံ့ဖြိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေးစသည့် မွန်မြတ်သော ရည်မှန်းချက်များအတွက်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက **"ပြည်ထောင်စု တစ်ခုလုံး ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီး ဖြစ်လာမှာ ဖြစ်ကြောင်း"**။

"မိမိတို့အားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ အေးအတူပူအမျှ အတူတကွ နေထိုင်လျက်ရှိကြသည့် သွေးရင်းသားရင်း ညီအစ်ကိုမောင်နှမများဖြစ်ကြကြောင်း၊ လူမျိုးခွဲခြားခြင်း၊ နေရာဒေသခွဲခြားခြင်းမရှိဘဲ တိုင်းရင်းသားအားလုံး အေးအတူပူအမျှ မျှတစွာဖွံ့ဖြိုးတိုးတက်လာအောင် မိမိတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း" ဖြင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညီညွတ်ရေး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့အတွက် အလျဉ်းသင့်သည့်အခါတိုင်း လမ်းညွှန်လျက်ရှိကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁

25-3 (04).pmd 1 3/25/2009, 3:03 AM

စာမျက်နှာ ၄ မှ

စဉ်ဆက်မပြတ်ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ကွက်လပ်မကျန် ဖွံ့ဖြိုးလာအောင် နိုင်ငံတော်၏ အချက်အချာဒေသများကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ နယ်စွန်နယ်ဖျားနယ်စပ်ဒေသများ ဖွံ့ဖြိုးလာအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် အကောင်အထည်ဖော်ခြင်း၊ မြို့ပြနှင့်ကျေးလက်ဒေသအကြား ကွာဟချက်လျော့နည်းကျဆင်းပြီး ကျေးလက်ဒေသ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ကို အချိတ်အဆက်မိမိ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်သည် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းသုံးခုစလုံးနှင့် အကျုံးဝင်လျက်ရှိပြီး စီမံကိန်းများ၏ အကျိုးပြုမှုများကို ရရှိခံစားနေသည့် ပြည်နယ်ဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော်အစိုးရ၏ ဖြူစင်သောစေတနာဖြင့် ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်မှုအပေါ် တိုင်းရင်းသားပြည်သူများကလည်း ယုံကြည်နားလည်မှု အပြည့်ဖြင့် ပူးပေါင်းအားထုတ်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ထို့အပြင် ရရှိထားပြီးဖြစ်သည့် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုကိုသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကျစ်လျစ်ခိုင်မာမှုကိုလည်း အဘက်ဘက်မှထိန်းသိမ်းစောင့်ရှောက်သွားရန် အရေးကြီးသည်ဟု မှာကြားတိုက်တွန်းကြောင်း။

ဟန်ချက်ညီညီ

နိုင်ငံတော်အပိုင်း၊ ပြည်သူလူထုအပိုင်းနှင့် တပ်မတော်အပိုင်းတို့က တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိရှိ၊ ဟန်ချက်ညီညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးထမ်းပဲ့ထမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်ရွေ့မည်မျှပင်ခက်ခဲသည့် လုပ်ငန်းပင်ဖြစ်စေ ကျော်လွှားအောင်မြင်မှုများရရှိမှာ သေချာလျက်ရှိကြောင်း၊ အရေးကြီးဆုံးမှာ မိမိတို့အမျိုးသားအင်အားစုများအကြား နားလည်မှုရှိရန်၊ စည်းလုံးညီညွတ်မှုတောင့်တင်းရန်၊ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာနေရန်ပင်ဖြစ်ကြောင်း။

ယနေ့ဆိုလျှင် နိုင်ငံတော်သည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းအစီအစဉ်၌ အရေးကြီးဆုံးအဆင့်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံအတည်ပြုပြီးသည့်အဆင့်ကို အောင်မြင်စွာကျော်လွှန်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၀ပြည့်နှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများကျင်းပသော ပဉ္စမအဆင့်ကို ချဉ်းကပ်လာပြီဖြစ်ကြောင်း၊ မဝေးကွာတော့သည့် အနာဂတ်တွင် နိုင်ငံတော်သည် ခေတ်သစ်တစ်ခုအတွင်းသို့ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် ချမှတ်ထားသော လုပ်ငန်းအဆင့်အတိုင်း ချောမွေ့အောင်မြင်စွာ ဖြတ်သန်းနိုင်ရန် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်

အထင်အမြင်လွဲမှားမှုများ၊ ဖိအားပေးမှုများ၊ အကျပ်ကိုင်မှုများ မည်သို့ပင်ရှိစေ နိုင်ငံတော်သည် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းမှုစွမ်းအားကိုရယူပြီး ရှေ့ဆက်သွားမည့် လမ်းကြောင်းအတိုင်း နိုင်ငံတော်သစ်ကို အဆင့်မှန်မှန်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် တိုင်းရင်းသားပြည်သူများအတွက် ကြိုးစားပမ်းစား တည်ဆောက်ထားသည့် ကျိုင်းတောင်းစက်ရုံကဲ့သို့ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကို အကျိုးရှိရှိအသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပါ၊ လျှပ်စစ်စွမ်းအားဖြင့် မိမိတို့၏ လူနေမှုဘဝအဆင့်မြင့်မားသည်ထက် မြင့်မားအောင် အလုပ်ကြိုးစားလုပ်ကြပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်က ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်ပေးလိုက်သည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံသည် ယခင်က လျှပ်စစ်မီးအပြည့်အဝ မရရှိသေးသည့် ကျိုင်းတောင်း၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မောက်မယ်မြို့များ၌ ရရှိခံစားနိုင်ကြပြီဖြစ်၍ စက်မှုလက်မှုလုပ်ငန်းများလည်း မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ပြောင်းလဲတိုးတက်

အထူးသဖြင့် လင်းခေးမြို့ ဒါးဆိပ်ကျေးရွာ၌ရှိသည့် မြစ်ရေတင်စီမံကိန်းကို လျှပ်စစ်မြစ်ရေတင် စီမံကိန်းအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်တော့မည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် နှစ်သီးစား၊ သုံးသီးစားသို့ ပြောင်းလဲတိုးတက်လာတော့မည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာမှု၏ အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသည့် လျှပ်စစ်ဓာတ်အားရရှိခြင်း၏ အကျိုးကို ခံစားရင်း ဒေသခံတိုင်းရင်းသား ပြည်သူများက ယခုစက်ရုံကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ကြောင်း။

ကျေးဇူးတင်

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို အားကြိုးမာန်တက်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် မဖြစ်မနေလိုအပ်သော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၆ခုကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ယခုဖွင့်လှစ်သည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံသည် အဆိုပါစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံအတွင်း၌ရှိသည့် ရေအားလျှပ်စစ်စက်ရုံများတွင် အခု၄၀မြောက် ဖွင့်လှစ်သည့်ဓာတ်အားပေးစက်ရုံအဖြစ် ပေါ်ထွက်လာမှု၊ စက်ရုံစတင်တည်ဆောက်ခဲ့မှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ စီမံကိန်းလုပ်ငန်း၏ ကုန်ကျစရိတ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် အခြေအနေ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကျိုင်းတောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကဲ့သို့ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်မည့် စီမံကိန်းများအပြင် တိုင်းရင်းသားလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးခြင်းနည်းလမ်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်၍ နှစ်နိုင်ငံအကျိုးတူ ဆောင်ရွက်သော နည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ အမှတ်(၅) ရပ်ကွက်မှ ဦးယောဟန်ခက ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တိုင်းရင်းသားရိုးရာအက အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပမည့် စက်ရုံမုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းတို့က ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် ဝန်ကြီးများက စက်ရုံကမ္ပည်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒေသခံတိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်အားပေးစက်ရုံအတွင်း၌ ပြသထားသည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မှတ်တမ်းဓာတ်ပုံများ၊ ဓာတ်အားပေးစက်များ လည်ပတ်ဆောင်ရွက်နေမှု၊ Control Room နှင့် ဓာတ်အားဖြန့်ဖြူးမှုစနစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်ခရာ၊ ပန်းဖွားနှင့် အေရိုးဗစ်အကအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုင်းတောင်းရေတံခွန်အထက်ပိုင်းရှိ ရေလွှဲဆည် အမှတ်(၁)နှင့် အမှတ်(၂)၊သဲထုတ်ရေတံခါး၊ ရေယူအဆောက်အအုံ၊ နုန်းစစ်ကန်နှင့် ရေယူတူးမြောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံစီမံကိန်း တည်နေရာနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှိ စက်ရုံစီမံကိန်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်ရှုရပ်မှနေ၍ ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံနှင့် ကျိုင်းတောင်း ရေတံခွန်၏အလှကို ကြည့်ရှုကာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ကျိုင်းတောင်းရေတံခွန်နှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံ The Kansai Electric Power Co., Inc. မှ Deputy General Manager, Mr. Shoji Tsutsui ၊ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံစီမံကိန်းမှ ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

စမ်းသပ်လည်ပတ်ခဲ့

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီးတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန တည်ဆောက်ရေး (၇)က ၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် စက်ရုံကို စတင်စမ်းသပ် လည်ပတ်နိုင်ခဲ့သည်။

စက်ရုံ၏ စက်သုံးလုံးမှ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၇၇ ဒသမ ၆သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဖြန့်ဖြူးပေးမည်

စက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို အရှည်မိုင် ၁၁၄ မိုင်ရှိသည့် ၁၃၂ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးသွားမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်းမှတစ်ဆင့် အခြားပြည်နယ်နှင့်တိုင်းများသို့လည်း လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးမည်ဖြစ်သည်။

ကျိုင်းတောင်းရေအားလျှပ်စစ် စက်ရုံစီမံကိန်းကို နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၁၅၂၈၅ သန်းနှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ၁၉ ဒသမ ၅၆ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဥပဒေ ကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၄

ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာနမှ ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ရန်နှင့် သူငယ်ချင်းများ ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် မိတ်ဆုံစားပွဲကို မတ်၂၈ရက် (စနေနေ့) ညနေ၅ နာရီ၌ Excel Treasure၁၀ ထပ် (ရွှေဂုံတိုင်) တွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိူးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၅-၃-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**တွေ့ပါတယ် ဒါပေမယ့်မမြင်** တရားတော် (ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၇:၅၀-၁:၅၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၂၀-၂:၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၅-၂:၄၅	မွန်မြတ်လက်များ ယှက်၍ လျှမည် ကျိုက်ဗောဓိစေတီ
၉:၀၀-၃:၀၀	Midweek Sports News
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တစ်ကျော့ပြန်တီဘီ (အပိုင်း-၂) (ဒေါက်တာဇေစိုး)
၉:၄၅-၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	**ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ** ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ ပုလဲဝင်း၊ သဇင်၊ ဖူးစုံ၊ အရိုင်း [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	ဖန်တီးသူတို့ ကမ္ဘာ
၁၀:၄၅-၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	စိုက်ပျိုးဖို့ လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅	ဒီဂျစ်တယ်ကတ္တားအစ စီတွာက
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	(၆၆)ကြိမ်မြောက် ရွှေကမ္ဘာလုံး ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား (အပိုင်း-၂)
၁၂:၂၅-၆:၂၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၂:၃၅-၆:၃၅	Myanmar Video Rhythm
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူများကတက်ညီလက်ညီပါဝင်

ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံတော်ကြီးဖြစ်ရေး နိုင်ငံတော်အစိုးရနှင့်အတူကြိုးပမ်းတည်ဆောက်

နေပြည်တော် မတ် ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၂၀ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၌ ကျင်းပသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်စက်ရုံ(ပျော်ဘွယ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၁၁နာရီ မိနစ်၂၀တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စု မွိုးရောင်ကျေးရွာသို့ရောက်ရှိကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာနခွဲ(၂)၏ နည်းပညာအကူအညီဖြင့် ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကုန်အကျခံကာ တည်ဆောက်ထားသည့် ဇော်ဘာရည်အသုံးပြု ဒေသထွက်ပစ္စည်းဖြင့် ပြုလုပ်သော တန်ဖိုးနည်း ဇီဝဓာတ်ငွေ့ထုတ် ကိရိယာကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဇော်ဘာရည်အသုံးပြု ဒေသထွက်ပစ္စည်းဖြင့်ပြုလုပ်သည့် တန်ဖိုးနည်း ဇီဝဓာတ်ငွေ့ထုတ်ကိရိယာပြုလုပ်ခဲ့မှုနှင့် ထွက်ရှိလာသော ဇီဝဓာတ်ငွေ့ဖြင့် အင်ဂျင်စက်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ကျေးရွာရှိအိမ်များ လျှပ်စစ်မီး သုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နောင်လေကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ဇီဝဓာတ်ငွေ့ထုတ်လုပ်နိုင်ရေးအတွက် နွားချေးရရှိနိုင်မှု အခြေအနေနှင့် အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိအသုံးပြုနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇီဝဓာတ်ငွေ့ထုတ်ကိရိယာမှ ထွက်ရှိလာသော ဇီဝဓာတ်ငွေ့ကို အင်ဂျင်အသုံးပြု၍ မီးအားပေးစက်ဖြင့် လျှပ်စစ်မီးထွန်းနိုင်မှု၊ ဓာတ်ငွေ့မီးဖိုအသုံးပြုနိုင်မှုနှင့် ဇီဝဓာတ်ငွေ့ထုတ်ကိရိယာ ပြုလုပ်ရန်အတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

တွဲဖက်လုပ်ကိုင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မိသားစုများဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ကြရန်၊ တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှရရှိသည့် ဇီဝစွမ်းအင်ကို အသုံးပြု၍ ထမင်း၊ ဟင်း ချက်ပြုတ်နိုင်ရုံသာမက လျှပ်စစ်မီးပါ ထုတ်လုပ်ပေးနိုင်သဖြင့် လူနေမှုအဆင့်အတန်း မြင့်မားစွာနေထိုင်နိုင်ရေး ကြိုးစားရန်နှင့် ထွက်ရှိလာသော ဇီဝရည်ဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြရန် ကျေးရွာသူကျေးရွာသားများအား မှာကြားသည်။

အဆိုပါတန်ဖိုးနည်း ဇီဝဓာတ်ငွေ့ထုတ်ကိရိယာကို ဒေသထွက် ဝါးဖျာများအား ဇော်ဘာစိမ်းရည်သုတ်လိမ်း၍ သိုလှောင်ကန်အဖြစ် ပြုလုပ်ထားသည်။ တစ်ရက်လျှင် ဇီဝဓာတ်ငွေ့ ကုဗပေ၇၀ ထုတ်နိုင်သည့် ကိရိယာလေးလုံးကို ဆက်သွယ်အသုံးပြုထားသဖြင့် နှစ်ပေလျှပ်စစ်မီးချောင်း၄၀ ထွန်းနိုင်သည့်အပြင် ရုပ်မြင်သံကြားပြစက်နှင့် ဗီဒီယိုပြစက်တစ်လုံးတို့ကိုပါ လေးနာရီကြာ ပြသနိုင်ကြောင်းသိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ်၂၁ရက်တွင် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲသို့ တက်ရောက်ကြပြီး ဖွင့်ပွဲအပြီးတွင် လွိုင်လင်ခရိုင် လွိုင်လင်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဖုံမြင့်၊ လွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နည်းပညာတက္ကသိုလ် (ပင်လုံ)ပင်မစာသင်ဆောင်ခန်းမ၌ လွိုင်လင်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံရာ လွိုင်လင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက ခရိုင်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စု မွိုးရောင်ကျေးရွာတွင် ဇော်ဘာရည်အသုံးပြု ဒေသထွက်ကုန်ပစ္စည်းဖြင့် ပြုလုပ်သော တန်ဖိုးနည်း ဇီဝဓာတ်ငွေ့ထုတ် ကိရိယာကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ် သုံးစွဲနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မတ်၂၂ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပင်းတယမြို့သို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်၊ ပင်းတယမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေး၍ ထောက်ပံ့ငွေများကိုပေးအပ်ပြီး ဆေးရုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား နိုင်ငံတော်၏ ကျန်းမာရေးရည်မှန်းချက်ဖြစ်သော လူတိုင်း ရောဂါဘယကင်းရှင်းရေး၊ အသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် ဆေးရုံမှပင်နေ၍ ဆေးဝါးကုသပေးနေခြင်းသာမက ကျေးလက်ဒေသများအထိဆင်းပြီး ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်ကုသနည်းများ သင်ကြားပေးခြင်းတို့ကိုပါ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပင်းတယမြို့ ဇော်ဂျီဦးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ ပင်းတယမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်က မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ(တီကျစ်)သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်အေးခိုင်၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက စက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားထုတ်လုပ်ပုံအဆင့်ဆင့်၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စု မွိုးရောင်ကျေးရွာတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး၏ မည်သည့်ဒေသတွင်နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြ

ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး ထိန်းသိမ်းစောင့်ရှောက်ရမည့် မျိုးချစ်စိတ်ဓာတ်ဖြစ်

အချုပ်အခြာအာဏာကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် လက်တွဲကာကွယ်စောင့်ရှောက်

နေပြည်တော် မတ် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၂၂ရက် နံနက် စနာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ရှမ်းပြည်နယ်၏ နယ်မြေဒေသအကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ မြေအသုံးချမှု၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာနှင့် စားသုံးဆီဖူလုံ ပိုလျှံမှု၊ ပဲ၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံများစိုက်ပျိုးမှု၊ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုနှင့် နှစ်ရှည်သီးနှံများဖြစ်သော ကော်ဖီ၊ လက်ဖက်စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းမှု၊ ပညာရည်မြင့်မားရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ မှ

ကျောက်မီးသွေးမိုင်း ပြန်လည်ပြုလုပ်နေစဉ် အကြီးစားပြင်ဆင်မှု မှတ်တမ်းဓာတ်ပုံများ၊ ဘဏ္ဍာရေးနှစ်အလိုက် ဓာတ်အားထုတ်လုပ်မှုနှင့် ကျောက်မီးသွေး ရရှိသုံးစွဲမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းမှာကြား

ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကာ ပင်မဓာတ်အားထိန်းချုပ်ခန်းမ၊ Steam Turbine နှင့် Generator ခန်း၊ ကျောက်မီးသွေးများကို အမှုန့်ကြိတ်သည့် Ball Mill ခန်းနှင့် ဘွိုင်လာခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံသို့ ကျောက်မီးသွေးပေးပို့လျက်ရှိသည့် ဒေါင်အုပ်စုကုမ္ပဏီလီမိတက်၏ ကုမ္ပဏီခွဲဖြစ်သော ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်၏ တီကျစ်ကျောက်မီးသွေးသတ္တုတွင်းသို့ ရောက်ရှိကြပြီး ရှုရပ်မှနေ၍ ကျောက်မီးသွေးတူးဖော်မှု လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင်က ကျောက်မီးသွေး တူးဖော်နေမှုနှင့် ဓာတ်အားပေးစက်ရုံသို့ ကျောက်မီးသွေးပေးပို့နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တီကျစ်ကျောက်မီးသွေး သတ္တုတွင်းတွင် စက်ယန္တရားများနှင့် မော်တော်ယာဉ်များအသုံးပြု၍ အပေါ်ယံမြေကြီး ဖယ်ရှားနေမှု၊ ကျောက်မီးသွေး တူးဖော်နေမှုနှင့် ဓာတ်အားပေးစက်ရုံသို့ Coveyor လိုင်းဖြင့် ကျောက်မီးသွေး တင်ပို့နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပင်လောင်းမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများ၊ ပင်လောင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာရဲက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ရောက်ရှိ

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဦးထမ်းပွဲထမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ခရိုင်နှင့်မြို့နယ်များသို့ လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ဖြည့်ဆည်းပေးပြီး ရှမ်းပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့်အတွက် ဒေသတွင်းဆက်ဆံရေးနှင့် လုံခြုံရေးအတွက် အရေးပါမှုအခြေအနေ၊ နယ်ချဲ့၏သွေးခွဲ အုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်းများစွာနေခဲ့ရသဖြင့် တိုင်းရင်းသားအချင်းချင်း သံသယ စိတ်များဝင်ပြီး လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများကြောင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးရေး နောက်ကျ ကျန်ခဲ့မှုအခြေအနေ၊ တပ်မတော်အစိုးရက တိုင်းရင်းသားအားလုံး ဆူကြံ့နိမ့်မြင့်ကွာဟမှု နည်းပါးပြီး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအခြေအနေ၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် လူအား၊ ငွေအား၊ ဝီရိယအားတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုကြောင့် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများမှာ ယခင်ကနှင့် မတူ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အခက်အခဲအမျိုးမျိုးနှင့် အနှောင့်အယှက် အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားကာ တစ်ခုပြီးတစ်ခု တစိုက်မတ်မတ် အကောင်အထည် ဖော် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ပြည်သူလူထု အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် အခြေအနေနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူများက တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်ရေး ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်ရေးတို့ကို အသေးစိတ် ရှင်းလင်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ထုတ်လုပ်ပေးနိုင်

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ကျိုင်းတောင်းမြို့၌ တည်ရှိသည့် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံ အောင်မြင်စွာတည်ဆောက်ပြီးစီးပြီဖြစ်၍ လာရောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံသည် လောလောဆယ်တွင် ရှမ်းပြည်နယ်အတွင်း၌ အကြီးဆုံးရေအားလျှပ်စစ်စက်ရုံ တစ်ခုဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၈ မဂ္ဂါဝပ်စီ ထုတ်လုပ်ပေးနိုင်သည့် စက်သုံးလုံး တပ်ဆင်ထားသည့်အတွက် ၅၄ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်သည့် စက်ရုံဖြစ်ကြောင်း။

၎င်းလျှပ်စစ်စက်ရုံက ထုတ်လုပ်ပေးသည့် လျှပ်စစ်ဓာတ်အားကို လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ မောက်မယ်၊ မိုးနဲမြို့နယ်တို့နှင့် ကျိုင်းတောင်းမြို့တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ပြီဖြစ်သည့်အပြင် ပိုလျှံသည့် ဓာတ်အားများကို မဟာဓာတ်အားလိုင်းအတွင်းသို့ ထည့်ပေးပြီး အခြားဒေသများသို့ပါ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံသည် ရှမ်းပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးပြုသည့်စက်ရုံဖြစ်ကြောင်း။

ထပ်မံတည်ဆောက်

ယခုစက်ရုံအပြင် အထက်ကျိုင်းတောင်း လျှပ်စစ်ဓာတ်အားပေး စက်ရုံတစ်ရုံကိုပါ ထပ်မံတည်ဆောက်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နောက်ထပ် ဆောက်လုပ်မည့် ရေအားလျှပ်စစ် စက်ရုံသည်လည်း မဂ္ဂါဝပ် ၅၀ ကျော် ထုတ်လုပ်နိုင်မှာ ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိနိုင်တော့မည်ဖြစ်သည့်အပြင် ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများကိုလည်း နိုင်ငံတော်အတွက် အခြားလိုအပ်သည့်နေရာများမှာပါ အကျိုးရှိစွာ အသုံးပြုနိုင်တော့မှာဖြစ်ကြောင်း။

နယ်နိမိတ်ချင်းထိစပ်

ရှမ်းပြည်နယ်သည် လက်ရှိပြည်နယ် ခုနစ်ခုအနက် အကျယ်ဝန်းဆုံးနှင့် လူဦးရေ အများဆုံးပြည်နယ်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းလည်း ထိစပ်နေသည့်အတွက် ဒေသတွင်း ဆက်ဆံရေးနှင့် လုံခြုံရေးအတွက် အလွန်အရေးပါသည့် ပြည်နယ်ဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

တစ်ပင်ကိုတစ်ပင်ယှက် ဆက်နွယ်ကြည်ဖြူ တပ်နှင့်ပြည်သူ

လှိုင်ဘွား (ပါရမီ)

“မြန်မာတပ်အားလုံး၏ စစ်ဆင်ရေးဗျူဟာမှာ အဆင့်ဆင့် ချီတက်တပ်စွဲလေ့ရှိသော ခံတပ်စစ်ဆင်ရေးပင် ဖြစ်သည်။ သူတို့သည် ပင်ကိုစိတ်ကူးကောင်းသူများပီပီ စိတ်ရောကိုယ်ပါ ဆောင်ရွက်ကြသည်။ ယင်းခံကတုတ်များမှ မယိမ်းမယိုင်သောစိတ်ဓာတ်၊ သတ္တိတို့ဖြင့် ရင်ဆိုင်လေ့ရှိရကား စစ်မြေပြင်တွင် မြန်မာတို့မှာ ကြောက်မက်ဖွယ်ကောင်းသောစစ်သားများသာ ဖြစ်တော့သည်”

ဤကား H.H Wilson ရေးသားသော “Narrative of the Burmese War in 1824-26”တွင် ဖော်ပြထားချက်များသာဖြစ်သည်။ သူဖော်ပြထားသလိုပင် မြန်မာ့တပ်မတော်သည် ရင်ဆိုင်လာခဲ့သော ရန်သူအားလုံးကို ချောက်ချားစေခဲ့သည်။ ဤစာသားကဲ့သို့ပင် တင်ခဲ့သမျှမှတ်တမ်းအားလုံးက မြန်မာ့တပ်မတော်သည် မည်သို့သော တပ်မတော်ဖြစ်ကြောင်း ညွှန်းဆိုခဲ့ပြီးဖြစ်ပေသည်။ ဤမည်သော တပ်မတော်မျိုးကို မြန်မာတို့ မည်သို့ဖွဲ့စည်းခဲ့ကြပါသနည်း ဆိုရလျှင် မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ဖွဲ့စည်းခဲ့ခြင်းသာဖြစ်သည်။ ထိုခေတ် မြန်မာ့တပ်မတော်သားတို့တွင် နိုင်ငံတော်ကပေးသော အကျိုးအမြတ်ဟူ၍ စိုးစဉ်းမျှမရှိ၊ နိုင်ငံအတွက် အရေးကြုံလာသည်နှင့် လုပ်လက်စ လုပ်ငန်းခွင်ကိုပစ်ကာ ဓားလွတ်ဆွဲ၍ တိုက်ပွဲဝင်နွှဲရန် ပေါင်းစည်းခဲ့ကြသူများသာ ဖြစ်ပေသည်။ မှတ်တမ်းတစ်ခုအရ စစ်စည်းရုံးမှု နမူနာတစ်ခုကို ဖော်ပြရလျှင်-

“ရာရာ ရမိလူတို့ကို လက်နိုင်သိမ်းခေါ် စုရုံးစည်းကြပ်ချီတက်မည်မဟုတ်၊ နေပြည်တော်တွင် အသင့်ဖွဲ့စည်းရှိသည့် စစ်သည်ရဲမက်တော်တို့နှင့် ချီတက်သိမ်းယူတော်မူမည်ဖြစ်၍ မြို့ရွာ နယ်ရှင် အကြီးအအုပ်ပြုလုပ်သူတို့က မလိုက်မထမ်းလိုသူတို့ကို အကျပ်အတည်း ဆင့်ဆိုသိမ်းခေါ်မရှိစေနှင့်”ဟူ၍ ဖြစ်ပေသည်။

ထိုသို့ အုပ်ချုပ်သူ အကြီးအကဲတို့က စွန့်လွှတ်စွန့်စားလိုစိတ်၊ တိုက်စိတ် ခိုက်စိတ်မရှိသူတို့ကို အတင်းအကျပ် မခေါ်စေဘဲ ဆန္ဒအတိုင်း တိုက်ပွဲဝင်သူများကိုသာ အဓိကထား စစ်စည်းရုံးခဲ့သလို ပြည်သူတို့ဘက်က မြန်မာ့တပ်မတော်ကြီးအပေါ်၊ တပ်မတော်သားများအပေါ် ထားရှိသော သဘောထားကိုလည်း အောက်ပါ ‘အိုင်ချင်း’ ကလေးက ထင်ထင်ရှားရှား ဖော်ပြနေပေသည်-

“နှမလေးပျို့၊ သူတို့မောင်မှာ၊ စစ်သံကြားလျှင်၊ နာဖျားဥပါယ်ခိုကြတယ်။ နှမလေးပျို့တို့မောင်မှာ စစ်သံကြားလျှင် ရွှေဓားပိုက်ကာ အိုးစားဖက်ကို လိုက်လို့ငယ်ရှာသည်…”

ဤသို့လျှင် မိန်းမပျိုလေးက မိမိချစ်သူ စစ်မြေပြင်သွားရမည်ကို မစိုးရွံ့သည့်အပြင် ဂုဏ်ယူကြောင်း ဖော်ပြထားပေရာ ပြည်သူနှင့်တပ်မတော်၊ တပ်မတော်နှင့်ပြည်သူ ဘယ်သူခွဲလို့ ကွဲအံ့နည်းဟု ဆိုရပေမည်။ ထို့အပြင် ပြည်သူတို့က မိမိမြို့ရွာမှ စစ်ထွက်ယောကျ်ားတို့ အတွက် လစာ၊ ရိက္ခာ၊ ခဲယမ်းမီးကျောက်များကိုလည်း တာဝန်ယူခဲ့ကြောင်း တွေ့ရပေရာ နိုင်ငံ့အရေးအတွက် တစ်နိုင်ငံလုံးချီ၍ တစ်နိုင်ငံလုံးက တာဝန်ယူခဲ့ကြသော ပြည်သူ့တာဝန်ထမ်းခဲ့မှုက ထင်ရှားလှပေသည်။

ထိုသို့ သမိုင်းကြောင်း အစဉ်အလာကြီးမားခဲ့သော တပ်မတော်၊ ပြည်သူက ပေါက်ဖွား၍ ပြည်သူ့အကျိုးအတွက် ရဲဝံ့စွန့်စားခဲ့သော တပ်မတော်ကြီး၏သမိုင်းရေးရာဖြစ်စဉ်များအပေါ် ဓမ္မဓိဋ္ဌာန်ကျကျလေ့လာသုံးသပ်ရပါသော် တပ်မတော်သည် ရှေးမဆွကာလကပင် အမျိုးသားရေးကို သစ္စာစောင့်သိလျက် တက်ကုန်လက်ကုန်ပင် နိုင်ငံ့ဂုဏ်ကို ခိုင်ခံ့ဝင့်ထည်အောင်၊ တိုးတက်စည်ပင်အောင် ဦးဆောင် တည်ဆောက်ခဲ့ကြသူများသာ ဖြစ်သည်ဆိုသည့်အချက်က ငြင်းမရအောင် ပေါ်လွင်လာခဲ့ပေသည်။

ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းအရ မြန်မာ့မြေပေါ်တွင် အနော်ရထာမင်းတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်၊ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ တည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်နှင့် အလောင်းမင်းတရား ဦးအောင်ဇေယျတည်ထောင်ခဲ့သော တတိယမြန်မာနိုင်ငံတော်စသည့် နိုင်ငံတော်ကြီးသုံးရပ်ပေါ်ထွန်းခဲ့ပြီး အဆိုပါနိုင်ငံတော်သုံးရပ်လုံးကို ဦးစီးဦးဆောင်ပြုခဲ့သော တပ်မတော်ခေါင်းဆောင် လူစွမ်းကောင်းတို့သည်ကား ပြည်သူလေးစား၊ အင်အားတောင့်တင်းခိုင်မာသော တပ်မတော်အားဖြင့်သာ အမိမြန်မာနိုင်ငံတော်ကြီး ပေါ်ထွန်းတည်တံ့ ခိုင်မြဲလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပေသည်။ နှုတ်က လေဖွား နိုင်ငံရေးသမားတို့၏အားဖြင့် ခံ့ညားတည်ထောင် ဖော်ဆောင်နိုင်ခဲ့ခြင်းမဟုတ်။ ထို့အတူ ယနေ့ထက်တိုင် မြန်မာနိုင်ငံ၏ ခိုင်မာလှသည့် သမိုင်းစဉ်တစ်လျှောက်လုံး အမိနိုင်ငံတော်၏ လွတ်လပ်ရေးပြန်လည်ရရှိအောင်၊ ရရှိပြီးလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်မတော်သည်လည်း ရှေးအစဉ်အလာ မြန်မာစစ်သားကြီးများ၏အနွယ်ဝင်အနွယ်ဖွား သား မြေး မြစ် တီတွတ်များပင်ဖြစ်ပေသည်။

ဤမြေပေါ်၌ မြန်မာဟူ၍ ပေါ်ထွန်းလာခဲ့သည့် သမိုင်းတစ်လျှောက်လုံး မြန်မာတို့သည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲသော နိုင်ငံတော်ကြီးကို စုစည်းတည်ထောင်လျက် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခံ့ညားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။ မြန်မာလူမျိုးတို့၏ အဆင့်အတန်းမြင့်မားလှသော ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် ထိန်းသိမ်းခဲ့ကြသည်။

သို့သော် ဗြိတိသျှအပါအဝင် နယ်ချဲ့တို့သည် မြန်မာနိုင်ငံ၏ ကြွယ်ဝလှသောသယံဇာတများကို တပ်မက်စိတ်ဖြင့် မြန်မာ့မြေပေါ်သို့ ဝင်ရောက်ခြေရှုပ်ခဲ့ကြသည်။ ထိုအနက်မှ လက်သွက်လှသော ဗြိတိသျှတို့က မြန်မာတို့၏ ရိုးသားမှုအားနည်းချက်ကို အပိုင်ကိုင်လျက် ခမ်းနားထည်ဝါလှသော မြန်မာ့သာကီနွယ်သမိုင်းကို စစ်သုံးကြိမ်ထိုးကာ ရိုက်ချိုးဖြိုဖျက်ခဲ့ကြသည်။ နယ်ချဲ့တို့၏ ရိုင်းပျလှစွာ တစ်ဖက်သတ် ကျူးကျော်မှုကြောင့် အစဉ်အလာကြီးမားလှသော မြန်မာ့သမိုင်းသည်လည်း အမည်းစက်စွန်းထင်း သိက္ခာကျဆင်းခဲ့ရပေသည်။

သို့သော် အစဉ်အလာကြီးမားလှသော မြန်မာ့တပ်မတော်ကြီးအဖို့ နယ်ချဲ့ကို အားမတန်သည့်တိုင် မာန်ယိုင် မာန်လျှော့ခဲ့ခြင်း မရှိခဲ့ပါ။ စစ်နိုင်သည်ဆိုခဲ့သော နယ်ချဲ့တို့ကား “ရဲရေးရောက်သော်၊ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌၊ ကုမ္ဘဏ်ယက္ခ၊ နာဂခြင်္သေ့၊ရင်ဆိုင်တွေ့လည်း၊ ချာ၍မတွန့်၊ အသက်စွန့်လော့”ဟူ၍ မျိုးချစ်ပုဂ္ဂိုလ်တို့ လမ်းညွှန်မှုပြုခဲ့သည့်အတိုင်း အသက်ကုန်လက်ကုန်ပင်မြန်မာ့တပ်မတော်ကြီး၏ တွန်းလှန်ချေမှုန်းတိုက်ပွဲဝင်ခဲ့မှုကို ရင်ဆိုင်ခဲ့ရရာ ဤတစ်ကြိမ် မနိုင်လျှင်ဖြင့် နောက်တစ်ကြိမ်တိုက်ပွဲဝင်ဖို့ပင် လက်တွန့်ရလောက်အောင် ဖြစ်ခဲ့ပုံကို W.F.B Laurie ၏ "Our Burmese War" စာအုပ်တွင် ဖော်ပြထားပါသည်။ ယင်းဖော်ပြချက်မှာ “ရွှေတိဂုံကုန်းတော်ခံတပ်ကို တိုက်ခိုက်ရသော တိုက်ပွဲမှာ ပြင်းထန်လှပြီး သွေးချောင်းစီး တိုက်ပွဲကြီးဖြစ်ပေသည်။ ကျွန်ုပ်တို့ဘက်မှ အများအပြား ဒဏ်ရာရရှိကြရာ တိုက်ပွဲအတွင်းမှာပင် ခြေလက်ဖြတ်ခဲ့ကြရသည်။ မြန်မာတပ်သားတို့သည် စိတ်မာန်ကြီးစွာ မီးကုန်ယမ်းကုန် တိုက်ခိုက်ကြပြီး တပ်သားကောင်းများ ပီသစွာ တာဝန်ကျေသည်အထိ တိုက်ခိုက်သွားခဲ့ကြလေသည်”ဟူ၍ ဖြစ်ပေသည်။

မည်သို့ပင် စစ်ရှုံး၍ နိုင်ငံကို သိမ်းပိုက်ခံလိုက်ရသည်ဖြစ်စေ မြန်မာ့တပ်မတော်ကြီးကား ဗြိတိသျှတို့ထံအညံ့မခံဘဲ တပ်ဖျောက်ပျောက်ကြွယ်ခဲ့ရာမှ ကြိုးကြားကြိုးကြား နေရာအနှံ့အပြားတွင် တိုင်းရင်းသားတို့နှင့် ပူးပေါင်းလျက် နယ်ချဲ့ကိုတော်လှန်ခဲ့ကြသည့်အတွက်နယ်ချဲ့အင်္ဂလိပ်တို့အဖို့ ၁၉၀၀ ပြည့်နှစ်တိုင်သည်အထိ အေးချမ်းစွာနေနိုင်ခဲ့ခြင်း မရှိပေ။ ထိုမြန်မာ့တပ်မတော်မှ ချန်ရစ်သည့် မြန်မာတိုင်းရင်းသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်နိုးကြားမှုကြောင့်ပင် ၁၉၄၁ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ပေါ်ထွန်းလာခဲ့ရပေသည်။

ဤသို့ ဗမာ့တပ်မတော်ဟူ၍ ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသည့်အချိန်မှစ၍ တစ်ကျော့ပြန် မြန်မာ့တပ်မတော်သည် ရှေးကကဲ့သို့ပင် အမျိုးသားရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှေ့တန်းမှ ပါဝင်လာသော အဖွဲ့အစည်းတစ်ရပ် ဖြစ်လာခဲ့ပြန်ပေသည်။ တပ်မတော်သို့ ဝင်ရောက်လာကြသော အမျိုးကောင်းသားမြန်မာတို့သည်လည်း မည်သည့် အခွင့်အရေးမျှ မျှော်လင့်စရာမရှိသော အခြေအနေတွင် မျိုးချစ်စိတ်ဓာတ်၏ စေ့ဆော်မှုကြောင့်ပင် ဝင်ရောက်စစ်မှုထမ်းကြခြင်းဖြစ်သည်မှာ ထင်ရှားလှပေကြောင်းကို မီနာမီကီကန်းအဖွဲ့၏ ၁၉၄၁ခုနှစ် ဒီဇင်ဘာလအထိ ဘီအိုင်အေတပ်မတော်အတွက် စုဆောင်းရရှိငွေဖြစ်သည့် ဘတ်ငွေ ၁၅၀၀၀နှင့် မြန်မာငွေကျပ် ၅၀၀၀ က သက်သေပြုနေပေသည်။ ဤငွေမျှဖြင့် မည်သူ့ကိုမျှ၊ မည်သို့မျှ ထောက်ပံ့နိုင်မည် မဟုတ်ပေ။

ထိုသို့ပင် ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲသို့ မျိုးချစ်တိုင်းရင်းသားအများအပြားဝင်ရောက်၍ နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ခဲ့ကြ၏။ ထို့နောက်တွင်ကား ဗမာ့လွတ်လပ်ရေး တပ်မတော်သားတို့၏ ကြံဆောင်ကြိုးပမ်းမှု၊ ရဲစွမ်းသတ္တိပြောင်မြောက်စွာ၊ အရိုးကြေကြေ အရေခန်းခန်း တာဝန်ထမ်းဆောင်ခဲ့မှု၊ ရှုပ်ရှုပ်ချုံချုံ လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့မှုတို့ကြောင့် နယ်ချဲ့တို့မြန်မာ့မြေပေါ်မှ ဆုတ်ခွာထွက်ပြေးခဲ့ကြရပေသည်။

ထိုနည်းတူ သစ္စာမဲ့၊ အလိမ်အညာကဲ မြန်မာတို့ကို နှိပ်စက်ညှဉ်းဆဲခဲ့ကြသည့် ဖက်ဆစ်တို့ကိုလည်း တပ်မတော်ကပင် ပြည်သူ့အားအင်အခြေပြုလျက် အောင်ပွဲဆက်ကာ ချေမှုန်းသုတ်သင်နိုင်ခဲ့ပါသည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော်၏ ဂုဏ်ဒြပ်သည် သမိုင်းစဉ်လာ နိုင်ငံတော်ကြီး(၃)ရပ်မှာကဲ့သို့ပင် မြင့်မားစွာ သက်ဝင်ဖြစ်တည်လာခဲ့သကဲ့သို့ ဖက်ဆစ်တော်လှန်ရေးတွင်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တော်လှန်ဆင်နွှဲခဲ့ပေသည်။ ထို့ပြင် နယ်ချဲ့တို့က ချိုးနှိမ်ပယ်ဖျောက်ရန် ကြိုးစားခဲ့သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုနှင့် သူ့ကျွန်မခံသည့် မျိုးချစ်စိတ်ဓာတ်ကိုလည်း သမိုင်းမော်ကွန်း အသစ်တစ်ဖန် ပြန်လည်တင်နိုင်ရန် တပ်မတော်က ထိုစစ်ပွဲများ၌ပင် စုစည်းနိုင်ခဲ့ပြန်ပေသည်။

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဤသို့ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတို့ကို အခြေခံကာ ပေါ်ထွန်းလာခဲ့သော ယနေ့မြန်မာ့တပ်မတော်သည် ယနေ့ထက်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကြီးမားသောအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်နေဆဲပင်ဖြစ်ပေသည်။ (၆၄)နှစ်တိုင် သာမန်တပ်မတော်တစ်ရပ်အနေဖြင့် ရပ်တည်ခဲ့ခြင်း မဟုတ်မူဘဲ အမျိုးသားရေးဦးဆောင်မှုအခန်းကဏ္ဍတွင် သမိုင်းဂုဏ်ရောင်ထွန်းပြောင်စွာ တည်ရှိနေသော အမျိုးသားတပ်မတော်တစ်ရပ်အဖြစ် ရပ်တည်ခဲ့ပေရာ ဦးစီးဦးဆောင်သူတို့သည်လည်း ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့သူ တပ်မတော်သား မင်းဇကရာဇ်များနှင့်နှင့် ဖြစ်ခဲ့ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံဟု ယနေ့ခေါ်တွင်ကြသည့် နိုင်ငံတော်ကြီးဖြစ်လာအောင် သမိုင်းတစ်လျှောက်လုံးတွင် ကြံ့ကြံ့ခံခဲ့သည့်၊ ပေးဆပ်ရန်းကန်ခဲ့သည့် စနစ်အကျဆုံး အဖွဲ့အစည်းမှာလည်း တပ်မတော်သာလျှင် ဖြစ်ပေသည်။ အဓိကအကျဆုံးမှာ ထီးကျိုးစည်ပေါက်၊ ကျွန်သပေါက်ဘဝမှ မြန်မာ့လွတ်လပ်ရေးကို အရယူကာ ယနေ့ကာလအထိ နိုင်ငံတော်ကြီးမယိမ်းမယိုင် ခိုင်မြဲတည်တံ့အောင် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်းပင်ဖြစ်ပေသည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံကို အကြံအစည်ဆိုးတို့နှင့် တစ်ကျော့ပြန် ကျွန်ဇာတ်သွင်းလိုကြသော ကိုလိုနီလက်သစ်တို့၏ရန်မှ လွတ်မြောက်ရန်အတွက် ပြည်သူတို့နှင့်အတူ အမျိုးသားရေးအမြင်ဖြင့် ကာကွယ်စောင့်ရှောက်နေသည်မှာလည်း တပ်မတော်ပင်ဖြစ်ပေသည်။

အနီတပ်မတော်ရှိ မောင်ဖြူ၊ မောင်မည်းစသည့် နာမအမည် အဓိကဦးမတည်၊ အစဉ်အဆက် ဖြစ်တည်ထွန်းကားလာသော လူတန်းစားစုံလင် ပြည်သူ့ရင်ခွင်မှ ပြည်သူ့တပ်မတော်သားတို့သည် သစ္စာလေးချက်ကိုလည်း ဦးထိပ်ရွက်ပန်ကြသည်။ နိုင်ငံအတွက်ဆိုပါက အသက်ကိုလည်းပဓာနမထား စွန့်လွှတ်စွန့်စားကြသည်။ စားရေရိက္ခာမလောက်င ခက်ခဲလှသည့်အခြေအနေတွင်လည်း နိုင်ငံအရေးကိုအံခဲ၊ ဇွဲနပဲဖြင့်တိုက်ပွဲဝင်ကြသည်။ မီးတွင်းလွတ်ခါစသားကိုသော်မျှ မမြင်ရသည့်ဘဝ၊ စံပြုရလောက်သည့် စွန့်လွှတ်ခြင်းမျိုးကိုလည်း အပြုံးမပျက်ဆင်နွှဲကြသည်။ ဤမှတ်တမ်းကိုတင်ရမည့်သူပင် လက်တွန့်လောက်အောင် နိုင်ငံအကျိုးကို ဆောင်ခဲ့ကြပါသည်။

သို့ဖြစ်၍ ပထမမြန်မာနိုင်ငံတော်မှသည် ယနေ့မျက်မှောက်ခေတ် မြန်မာနိုင်ငံတော်အထိ နိုင်ငံတော်ကို ဦးဆောင်ဦးရွက် ပြုခဲ့ကြသူများသည် ဤတပ်မတော်နှင့် ဤတပ်မတော်သား ကျွန်ုပ်တို့ပြည်သူများ၏ ရတနာများပင် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတော်သမိုင်းသည် တပ်မတော်သမိုင်း၊ တပ်မတော်သမိုင်းသည် မြန်မာနိုင်ငံတော်သမိုင်း၊ မည်သို့မျှ ခွဲခြား၍မရနိုင်ပေ။ ထိုသို့ခွဲခြား၍ မရသည့်အလျောက် သစ္စာပျောက်စရာ အကြောင်းကလည်း မရှိနိုင်တော့ပြန်ရာ တိုင်းရင်းသားညီနောင်များစွာ မှီတင်းနေထိုင်လျက်ရှိသော ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဥမကွဲသိုက်မပျက် အစွန့်ရှည်ခိုင်မြဲရလေအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရလေအောင် အစဉ်ထာဝရ ဦးတည်ကြိုးပမ်း အကောင်အထည်ဖော်မည့်သူများမှာ တပ်မတော်သားပြည်ချစ်ခေါင်းဆောင်များသာ ဖြစ်ပေတော့သည်။ ထိုတပ်မတော်၊ တပ်မတော်သားတို့နှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၈ခုနှစ် မတ်လ(၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၆၃)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား၌ အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားခဲ့ပေသည်-

“ဒို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူက တည်ထောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်သန္ဓေတည်စဉ်ကပင်လျှင် အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး ရှင်သန်ပေါက်ဖွားလာခဲ့ရတာဖြစ်တယ်”

ထိုသို့ မိန့်ဆိုခဲ့သလိုပင် တပ်မတော်အနေဖြင့် မည်သည့်အစိုးရ လက်ထက်ကမှ ဆောင်ကြဉ်း၍မရသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထူးထူးကဲကဲ ဖော်ဆောင်နိုင်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်ကြီးကို ရေရှည်တည်တံ့နိုင်စွမ်းရှိသော အာမခံချက်ပေးနိုင်သည့် “ပြည်ထောင်စုစိတ်ဓာတ်”ကို မလွဲမသွေ ပိုင်ဆိုင်ကြပြီးသားပင် ဖြစ်ပေသည်။

သမိုင်းစဉ်တစ်လျှောက် စစ်မှုရေးရာကျွမ်းကျင်သူများ၊ ဇာတိသွေး ဇာတိမာန်ထက်သန်သူများ၊ အမျိုးကိုထိလျှင် မချိအောင်နာတတ်သူများ၊ အမျိုးသားရေးအတွက်ဆိုလျှင် အသက်ကိုဖက်ရွက်ပမာထား၍ စွန့်လွှတ်စွန့်စားဆောင်ရွက်တတ်သူများစသည့် အမျိုးကောင်းသားများ စုစည်းရာဖြစ်သော၊ တုနိုင်း၍ မရသည့် စွန့်လွှတ်စွန့်စားမှုဂုဏ်ဒြပ်တို့ဖြင့် ပြည့်စုံအပ်သော တပ်မတော်၊ ထိုတပ်မတော်ကား ပြည်သူ့ရင်ခွင်တွင်နားခိုရင်း ပြည်သူ့အကျိုးကို ဆောင်ကြဉ်းရန် အသင့်ရှိနေသည်ကို (၆၄)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်(၄)ရပ်က သက်သေဖော်ညွှန်းလျက်ရှိနေပါကြောင်း (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုရင်း တင်ပြလိုက်ရပါသတည်း။ ။

လှိုင်ဘွား (ပါရမီ)

ပ်မတော်နေ့
က်

ိုးတက်သည့် နိုင်ငံတော်
ည့် မူဝါဒလမ်းစဉ်(၇)ရပ်
တိုင်းရင်းသားပြည်သူများနှင့်
ရေး။

မူဝါဒအဖြစ်ခံယူပြီး အသက်
က်ရေး။

င့် ဖွံ့ဖြိုးတိုးတက်ရေးကို
ပြည်ပ အဖျက်သမားများကို
က်တွဲချေမှုန်းရေး။

င်နက်လုံခြုံရေးကို ကာကွယ်
ပြီး စွမ်းရည်ထက်မြက်သော
ဆက်ရေး။

ကို အခြေခံကာ ပေါ်ထွန်းလာခဲ့သော ယနေ့
တ်၏ ကြီးမားသောအစဉ်အလာကို ထိန်းသိမ်း
ာ်တစ်ရပ်အနေဖြင့် ရပ်တည်ခဲ့ခြင်း မဟုတ်မူဘဲ
ပြာင်စွာ တည်ရှိနေသော အမျိုးသားတပ်မတော်
ထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊
တား မင်းဇကေရာဇ်များနှင့်နှင့် ဖြစ်ခဲ့ပေသည်။
ဦးဖြစ်လာအောင် သမိုင်းတစ်လျှောက်လုံးတွင်
ဥ်းမှာလည်း တပ်မတော်သာလျှင် ဖြစ်ပေသည်။
န်မာ့လွတ်လပ်ရေးကို အရယူကာ ယနေ့ကာလ
ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေခြင်းပင်
နှင့် တစ်ကျော့ပြန် ကျွန်ဇာတ်သွင်းလိုကြသော
နှင့်အတူ အမျိုးသားရေးအမြင်ဖြင့် ကာကွယ်

ဉ် အဓိကဦးမတည်၊ အစဉ်အဆက် ဖြစ်တည်
ပ်မတော်သားတို့သည် သစ္စာလေးချက်ကိုလည်း
ဓာနမထား စွန့်လွှတ်စွန့်စားကြသည်။ စားရေ
ကိုအံခဲ၊ ခွဲနပဲဖြင့်တိုက်ပွဲဝင်ကြသည်။ မီးတွင်း
ဦ စွန့်လွှတ်ခြင်းမျိုးကိုလည်း အပြုံးမပျက်
က်အောင် နိုင်ငံအကျိုးကို ဆောင်ခဲ့ကြပါသည်။
ာ်ခေတ် မြန်မာနိုင်ငံတော်အထိ နိုင်ငံတော်ကို
၍တပ်မတော်သား ကျွန်ုပ်တို့ပြည်သူများ၏
မာနိုင်ငံတော်သမိုင်းသည် တပ်မတော်သမိုင်း၊
၍မရနိုင်ပေ။ ထိုသို့ခွဲခြား၍ မရသည့်အလျောက်
ရင်းသားညီနောင်များစွာ မီတင်းနေထိုင်လျက်
က် အခွန့်ရှည်ခိုင်မြဲရလေအောင်၊ ပြည်ထောင်စု
ကြိုးပမ်း အကောင်အထည်ဖော်မည့်သူများမှာ
ည်။ ထိုတပ်မတော်၊ တပ်မတော်သားတို့နှင့်
ဦးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၈ခုနှစ်
ာပ်မတော်နေ့အခမ်းအနား၌ အောက်ပါအတိုင်း

ည်သူက တည်ထောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်
အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကို

ိုးရ လက်ထက်ကမှ ဆောင်ကြဉ်း၍မရသော
ဆောင်နိုင်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံး
ရှည်တည်တံ့နိုင်စွမ်းရှိသော အာမခံချက်ပေး
ဉ်ပြီးသားပင် ဖြစ်ပေသည်။
တိသွေး ဇာတိမာန်ထက်သန်သူများ၊ အမျိုးကို
သက်ကိုဖက်ရွက်ပမာထား၍ စွန့်လွှတ်စွန့်စား
စ်သော၊ တုနိုင်း၍ မရသည့် စွန့်လွှတ်စွန့်စားမှု
ပြည်သူ့ရင်ခွင်တွင်နားခိုရင်း ပြည်သူ့အကျိုးကို
န့ ဦးတည်ချက်(၄)ရပ်က သက်သေဖော်ညွှန်း
ဂျကြိုဆိုရင်း တင်ပြလိုက်ရပါသတည်း။ ။

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	ရထားပို့ဆောင်ရေး			
	- ရထားလမ်းခရီးမိုင်	၁၉၇၆·၃၅	၃၂၀၃·၀၅	၁၂၂၆·၇၀
	- ရထားသံလမ်းမိုင်	၂၇၉၃·၈၆	၄၂၈၈·၉၀	၁၄၉၅·၀၄
	- ဘူတာရုံ	၄၈၇	၈၁၅	၃၂၈
၂	ရထားလမ်းတံတားများ			
	- တံတား(အကြီး)	၅၄၇	၇၃၈	၁၉၁
	- တံတား(အငယ်)	၅၁၀၃	၉၄၉၈	၄၃၉၅
၃	လေကြောင်းပို့ဆောင်ရေး			
	- လေယာဉ်ကွင်း	၆၆	၆၉	၃
	- ပြေးလမ်းပေ(၁၀၀၀၀)အထက်	-	၁၁	၁၁
	- ပြေးလမ်းပေ(၅၀၀၀)အထက်	၂၁	၂၆	၅
	- ပြေးလမ်းပေ(၅၀၀၀)အောက်	၄၅	၃၂	အဆင့်မြှင့်တင်
၄	ရေကြောင်းပို့ဆောင်ရေး			
	- ဆိပ်ခံတံတား(ပြည်တွင်းသင်္ဘော)	၈၆	၁၁၀	၂၄
	- ဆိပ်ခံတံတား(နိုင်ငံခြားသင်္ဘော)	၁၃	၂၉	၁၆
၅	ကားလမ်းမကြီးများ တိုးချဲ့ဖောက်လုပ်မှု	၁၃၆၃၅/၀	၁၉၃၁၃/၇	၅၆၇၈/၇
၆	တံတားများတိုးချဲ့ တည်ဆောက်မှု			
	- ပြည်သူ့ဆောက်လုပ်ရေး			
	- ပေ ၁၈၀ အထက်တံတား			
	- တည်ဆောက်ပြီးတံတား	၁၉၈	၄၁၄	၂၁၆
	- တည်ဆောက်ဆဲတံတား	-	၂၅	၂၅
	- ပေ ၁၈၀ အောက်တံတား	၃၃၀၅	၆၁၅၅	၂၈၅၀
	- တပ်မတော်အင်ဂျင်နီယာ (ပေ ၁၈၀ အထက်)	-	၁၁	၁၁
	- လျှပ်စစ်စွမ်းအား (ပေ ၁၈၀အထက်)	-	၂	၂

မန္တလေးတိုင်း တံတားဦးမြို့နယ်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၁၇ရက်က ဤသို့ ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။ (လေဆိပ်အကျယ်အဝန်းမှာ ၂၅၀၁၅ဧကရှိသည်။) (မြန်မာ့အလင်း)

(၆၄)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

မြစ်သာ မြစ်ကူးတံတား

တိုင်းရင်းသားသွေးချင်းများထံ လွယ်လင့်တကူ ပေါင်းကူးဆက်သွယ်ပေးထားသည့် စစ်ကိုင်းတိုင်း ကလေးဝရှိ မြစ်သာမြစ်ကူးတံတား။ (မြန်မာ့အလင်း)



တပ်မတော် အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ဒေသခံပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူစေရေး ဖောက်လုပ်ပေးထားသည့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်ပေါ်၌ ရထားခုတ်မောင်းလာသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဒေသဖွံ့ဖြိုးရေး များစွာအထောက်အကူပြုလျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က ရွှေလီတံတား။ (မြန်မာ့အလင်း)



စာမျက်နှာ ၇ မှ

ပျက်စီးယိုယွင်း

တစ်ချိန်က နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်းရှည်ကြာစွာနေခဲ့ရသည့်အတွက် လွတ်လပ်ရေးရပြီးသည့်တိုင် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဝင်ပြီး လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများဖြင့် မိမိတို့တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်ပြီး နှစ်ပေါင်း ၄၀ ကျော် ၅၀ နီးပါးခန့် တိုက်ခိုက်ခဲ့ကြသည့်အတွက် အဘက်ဘက်က ပျက်စီးယိုယွင်းပြီး ဤဒေသရှိတိုင်းရင်းသားများ၏ လူနေမှုဘဝမှာ များစွာနောက်ကျကျန်ရစ်ခဲ့ရကြောင်း။

တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူခဲ့ပြီးနောက်ပိုင်း ရှမ်းပြည်နယ်အတွင်း ဦးစားပေးလုပ်ငန်းအဖြစ် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သောင်းကျန်းမှုချုပ်ငြိမ်းရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့ပြီးနောက် တိုင်းရင်းသားအားလုံးဆူကြုံနိမ့်မြင့်နည်းပါးပြီး မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့ကို ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ဤဒေသအတွင်းတွင် လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးစသည့် အခြေခံကောင်းများ တိုးတက်ဖြစ်ပေါ်လာခဲ့ပြီး အောင်မြင်မှု အသီးအပွင့်များကို ဒေသခံပြည်သူများ မျှဝေခံစားနေကြရပြီဖြစ်ကြောင်း။

အနီးကပ်ကြီးကြပ်

အထူးသဖြင့် အစွန်အဖျားကျသည့် နယ်စပ်ဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှုနောက်အကျဆုံးဖြစ်နေသည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်စီမံဆောင်ရွက်ခဲ့ကြောင်း။

၄င်းအပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတစ်ခုကိုပါ ဖွဲ့စည်းကာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာအောင် လူအား၊ ငွေအား၊ ဝီရိယအားများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် နယ်စပ်ဒေသများ၏ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ယခင်ကနှင့်မတူတော့ဘဲ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးတွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ထောက်ခံအတည်ပြု

နိုင်ငံတော်အစိုးရသည် ဤရှမ်းပြည်နယ်တစ်ခုတည်းသာမက တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စီးပွားရေးအခြေခံများ ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး အခက်အခဲအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုးတို့ကို ရင်ဆိုင်ကျော်လွှားကာ တစ်ခုပြီးတစ်ခု တစိုက်မတ်မတ်ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ရာတွင် ယနေ့ဆိုလျှင် စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူအများစုက ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းသော ထောက်ခံမဲဖြင့် အတည်ပြုပေးခဲ့ပြီဖြစ်ကြောင်း။

ပြည်သူလူထုအတည်ပြုပေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည် ဖြစ်ကြောင်းကို အသိပေးပြောကြားထားခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အဆင့်(၅)ဖြစ်သည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူများက တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ညီညီညွတ်ညွတ်

နိုင်ငံတော်၏အဓိကရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးဖြစ်ကြောင်း၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းတည်ဆောက်ရာတွင် အစိုးရချည်းသက်သက်နှင့်မဖြစ်နိုင်ဘဲ ပြည်သူအများကလည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်ကြောင်း။

ယနေ့အချိန်တွင် မိမိတို့သည် ပြည်တွင်းပြည်ပက အနှောင့်အယှက် အဟန့်အတားအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်တည်ဆောက်ရေးသာမက မိမိတို့၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်ကိုပါ ကြိုးပမ်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေကြရကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အဓိကလိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသည့် ရှမ်းပြည်နယ်သည်ပင် ပြည်ထောင်စုကလေးတစ်ခုသဖွယ်ဖြစ်ကြောင်း၊ ကိုယ့်လူမျိုး၊ သူ့လူမျိုး၊ ကိုယ့်ဒေသ သူ့ဒေသစသည့် လူမျိုးစွဲ ဝါဒစွဲများမထားဘဲ ပြည်ထောင်စု၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူသွားကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထိန်းသိမ်းစောင့်ရှောက်သွားရမည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ဆိုသည်ကို လက်ခံယုံကြည်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြရန် မိမိတို့၏ အချုပ်အခြာအာဏာကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် အတူတကွ လက်တွဲပြီးကာကွယ်စောင့်ရှောက်သွားကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

စွမ်းရည်ရှိသော တပ်မတော်

☆ အရေးကြုံတိုင်း၊ အတိတ်လှိုင်းကို
စိတ်ပိုင်းကြည့်လျှင်၊ ထင်ရှားမြင်လိမ့်
ပြည်ခွင်မြန်မာ၊ အစဉ်သာအောင်
ဘယာရန်ဘေး၊ ကင်းစင်ဝေးအောင်
သွေးချွေးအသက်၊ မငဲ့ကွက်ဘဲ
ပေးဆက်ပိုင်ပိုင်၊ စွန့်လွှတ်နိုင်ကာ
နိုင်ငံတော်အား၊ ဦးထိပ်ထား၍
စွန့်စား ရဲရင့် အောင်ပွဲဆင့်
ဂုဏ်တင့်လှသည့် တပ်မတော်။

☆ တစ်ဦးချင်းကိုယ်ကျိုး၊ မမျှော်ကိုးဘဲ
တစ်မျိုးသားလုံးအရေး၊ ထာဝရတွေးကာ
လေးနက်စိတ်ကြံ၊ သန္နိဋ္ဌာန်နှင့်
နိုင်ငံနွံနစ်၊ ကျွန်မဖြစ်အောင်
ပျိုမျစ်အစဉ်သာ၊ အားသစ်ဖြာလျက်
ဝဲယာဖျက်မှောင့်၊ ဘယ်သို့ခြောက်လည်း
မကြောက်မရွံ့၊ နောက်မတွန့်ဘဲ
စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ
ညီညာလှသည့် တပ်မတော်။

☆ ဩော်…ရဲဝံ့စွန့်စား၊ အောင်ပွဲများ၏
စွန့်စားရဲရင့်၊ အောင်ပွဲဆင့်၏
စွန့်ဝံ့သူသာ၊ အောင်ကြောင်းဖြာ၏
ငါတို့တပ်မတော်၊ ဇာနည်မော်ကား
အနော်ရထာ၊ ဘုရင့်နောင်၊
ဦးအောင်ဇေယျ
ဒို့ဘဒို့ဘေး၊ မျိုးချစ်သွေးနှယ်
နီစွေး မြဲခိုင်၊ ယနေ့တိုင်တည့်
ပန်းတိုင်ချီတက်၊ ရည်မှန်းချက်ကို
မပျက်မပျောက်၊ ပိုင်ပိုင်ရောက်အောင်
ထုတ်ချောက်လျင်မြန်၊ သန္နိဋ္ဌာန်နှင့်
နိုင်ငံတော်ကြီး၊ ရှေ့ခရီးဝယ်
ဝှဲခြီးအောင်မြင်၊ ပွဲကြီးယင်အောင်
အစဉ်မျှော်မှန်း၊ ရှေ့ဆက်လှမ်းမည်
စွမ်းရည်ရှိသော ဒို့တပ်မတော်။
ပြည်သူ့ရင်နှစ် သားမျက်ဖျော်။
ပြည်သူဂုဏ်ပြုလျက်ပါသော်။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

မြင်းမူမောင်နိုင်မိုး

(၆၄)နှစ်မြောက် တပ်မတော်နေ့ အဓိဋ္ဌာန်(၄)ချက်

၁။ အေးချမ်းသာယာ ခေတ်မီစွာဖြင့်
ပြည်သာတည်ဆောက် ပြီးမြောက်အောင်မြင်
လမ်းစဉ်(၇)ရပ်၊ မပြတ်ချီတက်
တွဲလျက်ပြည်သူ၊ ညီတူစိတ်ဝမ်း
ကြိုးပမ်းကြစို့၊ ရဲဘော်တို့။

၂။ အရေးသုံးပါး၊ တာဝန်များကို
နှလုံးသားတွင်၊ အစဉ်ပိုက်ထွေး
သက်ပေးစောင့်ရှောက်၊ အနှောင့်အယှက်ကင်းဝေး
ဖြစ်စေရေးကို၊ မနေးဂရု
အထူးပြုစို့၊ ရဲဘော်တို့။

၃။ ဒို့နိုင်ငံကြီး၊ ခိုင်ဖြိုးအေးချမ်း
ရှိမည့်လမ်းကို၊ စိတ်ဝမ်းမထား
ဟန့်တားနှောင့်ယှက်၊ ဆိုးဖက်ဝါဒ
ပြည်ပပြည်တွင်း၊ ရန်ခပင်းကို
တိုင်းရင်းညီဖွား၊ တွဲထားလက်ယှက်
ချေမှုန်းဖျက်စို့၊ ရဲဘော်တို့။

၄။ အချုပ်အခြာ၊ ဒို့အာဏာနှင့်
တိုင်းတာပိုင်နက်၊ မနှောင့်ယှက်အောင်
တွဲလက်ညီညာ၊ ကာကွယ်ရန်အရေး
အစဉ်တွေးမျှော်၊ တပ်မတော်ကို
ထုတ်ဖော်တည်ထောင်၊ စွမ်းဆောင်မြင့်မား
ပြည့်အင်အားဖြင့်၊ ညှိထားခေတ်မီ
ရဲရည်ရဲစွမ်း၊ ပြည့်စုံလျှမ်းအောင်
စွမ်းဆောင်ကြိုးစို့၊ ရဲဘော်တို့။

၅။ ဩော်-(၆၄)နှစ်၊ တိုင်သည့်ခေတ်ဝယ်
စဉ်တကယ်ကြိုးပမ်း၊ သက်စွန့်ထမ်းလျက်
ပြည့်စွမ်းအားခေါ်၊ ရဲဘော်တစ်သင်း
ညီနောင်ချင်းတို့၊ စိတ်တွင်းအင်အား
မလျော့ညားစေ၊ တောင်းဆုချွေသည်
(၄)ထွေအဓိဋ္ဌာန်နှင့်အတူ။ ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဘိုမျိုး(ရွှေဘို)

တိုးချဲ့ကာကွယ်ဆေး မိုင်းတုံ၌ ထိုးနှံပေး

မိုင်းတုံ မတ် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် နယ်စပ်ဒေသ မုံးထော်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးကြည်နိုင်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် မတ် ၁၉ရက်က မိုင်းတုံမြို့နယ် ပါမတ်၊ ပါခပ်၊ ဝေါ်တော၊ ပိန်းမုန့်၊ ပါခါး၊ ပါမား၊ ရေထွက် ကျေးရွာများတွင် သုံးနှစ်အောက်ကလေးငယ်များအား တိုးချဲ့ကာကွယ်ဆေး ထိုးပေးခြင်းနှင့် အသက်၁၅နှစ်မှ ၄၅နှစ် အမျိုးသမီးများအား မေးခိုင်ကာကွယ်ဆေး ထိုးပေးခြင်းကို စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တန့်ဆည်ဒေါ်နလမ်း ကတ္တရာလမ်းခင်း

တန့်ဆည် မတ် ၂၄

တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သော ဒေါ်နလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးနွယ်မွန် လာရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးငွေနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်သက်နိုင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာ စတီဖင်ဘလိတ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား အမေရိကန်ပြည်ထောင်စု အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ခေတ္တရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာစတီဖင်ဘလိတ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား မတ် ၂၄ရက်နံနက် ၁၁နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံရာ၌ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူးနှင့်အတူ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာလာရီဒင်းဂါးနှင့် သံရုံးပထမအတွင်းဝန်တို့ လိုက်ပါခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဖဒိုအောင်ဆန်း ဦးဆောင်သော ငြိမ်းချမ်းရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရသည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းရေးတို့အတွက် ဆက်လက်အားပေးကူညီသွားမည်

ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ကျန်နေသေးသည့် မိသားစုဝင်များ ကိုယ့်မြေကိုယ့်ရေပေါ် ပြန်လည်လာရောက်နိုင်ရန် အမြဲတံခါးဖွင့် ကြိုဆိုလျက်ရှိ

နေပြည်တော် မတ် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် မတ်၂၃ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသသို့ ရောက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA) ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘေသဇ္ဇမုနိဘုရားကြီး ဂန္ဓကုဋိတိုက် စံကျောင်းတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွား တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နန်းဦးဘေးမဲ့တောရ ကျောင်းတိုက် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် တိုးတက်သောဗုဒ္ဓဘာသာ ကရင် အမျိုးသား အစည်းအရုံး ဧည့်ရိပ်သာ၌ ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဥက္ကဋ္ဌဦးသာထူးကျော်နှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် အတွင်းရေးမှူး(၁)က မိမိအနေဖြင့် မြိုင်ကြီးငူဒေသအပါအဝင် ကရင်ပြည်နယ်၌ ကာလအတော်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း၊ ယနေ့ မြိုင်ကြီးငူ ဒေသ၏မြင်ကွင်းမှာ ယခင်ကနှင့်မတူတော့ဘဲ ထူးခြားသိသာစွာ ပြောင်းလဲတိုးတက်လျက် ရှိနေသည်ကို တွေ့မြင်ရကြောင်း၊ ဤသည်မှာလည်း မိမိတို့ တိုင်းရင်းသားညီအစ်ကို အချင်းချင်း ယုံကြည်မှု သံယောဇဉ်ဖြင့် အပေးအယူမျှတစွာ အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အပိုင်းက မြိုင်ကြီးငူဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြင့် ပြောကြားပြီး မြိုင်ကြီးငူဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ် လှူဒါန်းရာ ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များက လက်ခံကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ် ဖြင့် ထွက်ခွာလာကြရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးကျေးရွာသို့ ရောက်ရှိကြပြီး KNU / KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးမောင်နှင့် အဖွဲ့ဝင် များက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် KNU / KNLA ငြိမ်းချမ်းရေးကောင်စီမှ အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ KNU / KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဦးဌေးမောင်က ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး၊ မိသားစုဝင်များ၏ ရေရှည်စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA) ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)က ငြိမ်းချမ်းရေးကောင်စီဝင်များ နေထိုင်ရာ ဤထို့ကော်ကိုးဒေသမှာ အချိန်ကာလ တစ်နှစ်ကျော်အတွင်းမှာပင် တည်ငြိမ်အခြေကျ နေသည့်အခြေအနေသို့ ရောက်ရှိနေသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရ ပါကြောင်း၊ ဥက္ကဋ္ဌ ဦးဌေးမောင်ခေါင်းဆောင်သည့် ငြိမ်းချမ်းရေး မိသားစုဝင်များအနေ ဖြင့်လည်း မိမိတို့၏ ရေရှည်စီးပွားရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက် လိုသည့် ဆန္ဒများရှိနေသည့်အတွက် မိမိတို့အနေဖြင့် ကျေနပ်အားတက်မှုဖြစ်ရကြောင်း၊

ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြ သည့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်း ရေးတို့အတွက် ဆက်လက်အားပေးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ရန်ကျန်ရှိနေသေးသည့် မိသားစုဝင်များကိုလည်း မိမိတို့က ကိုယ့်မြေ၊ ကိုယ့်ရေပေါ်သို့ ပြန်လည်လာရောက်နိုင်ရန် အမြဲတံခါးဖွင့် ကြိုဆိုလျက်ရှိပါ ကြောင်း၊ အခြားနယ်မြေတွင်ရောက်ရှိပြီး မိမိအနာဂတ်ရည်မှန်းချက် ပျောက်ကွယ်နေ မည့်အစား ကိုယ့်မြေကိုယ့်ရေပေါ်တွင်နေထိုင်၍ ကိုယ့်အနာဂတ်ကိုယ်ဖန်တီးနိုင်စွမ်းရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းပြောကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးပစ္စည်းများနှင့် လက်ဆောင် ပစ္စည်းများကိုပေးအပ်ရာ ဦးဌေးမောင်နှင့်ဇနီးတို့က လက်ခံကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် KNU/KNLA ငြိမ်းချမ်းရေး ကောင်စီအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လှည့်လည်စစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထို့ကော်ကိုးကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေး ကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ် ဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခုတင်(၂၀၀)ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံ(ဘားအံ)သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဆရာဝန်၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းက ဆေးရုံ၌ လူနာများ တက်ရောက်ကုသမှု၊ အဖြစ်များသော ရောဂါများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ကြိုတင်ကာကွယ်ရေး

ထို့နောက် အတွင်းရေးမှူး(၁)က တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်သည့် ကြိုတင်ကာကွယ်ရေးပညာပေးလုပ်ငန်းများကို ကျောင်းသားလူငယ်များအပါအဝင် ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆောင်ရွက်ရေး၊ ဆေးရုံငွေပဒေသာပင်များကို ချို့တဲ့သည့် လူနာများအတွက် ထိထိရောက်ရောက်သုံးစွဲရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာငွေးမောင်က လက်ခံသည်။

ဘားအံတက္ကသိုလ်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများအားတွေ့ဆုံရာ ရှေးဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခ ဒေါက်တာဒေါ်မြမြအေးက သင်ကြား/စီမံကိန်းစရိတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်ကမျှော်မှန်းထားသည့် ပညာရေး ရည်မှန်းချက်များပြည့်မီရေးအတွက် ဆရာ ဆရာမများအပိုင်းက ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဘားအံတက္ကသိုလ်သို့ရုပ်မြင်သံကြားစက်နှစ်လုံးကို ပေးအပ်လှူဒါန်းရာ ပါမောက္ခ ဒေါက်တာဒေါ်မြမြအေးက လက်ခံသည်။

နည်းပညာတက္ကသိုလ်(ဘားအံ)

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ နည်းပညာတက္ကသိုလ်(ဘားအံ)နှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့မှ ဆရာ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(ဘားအံ) ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်နှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းထိုက်တို့က သင်ကြား/စီမံကိန်းစရိတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး KNU / KNLA ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေးမောင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

အပြည့်အဝဖြည့်ဆည်း

ထို့နောက် အတွင်းရေးမှူး(၁)က တင်ပြချက်များအပေါ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် မိမိတို့၏တပည့်များအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍက အပြည့်အဝဖြည့်ဆည်းပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက နည်းပညာတက္ကသိုလ်(ဘားအံ)နှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့သို့ ရုပ်မြင်သံကြားစက်နှစ်လုံးစီကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်နှင့် ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းထိုက်တို့က လက်ခံကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာသို့ ရောက်ရှိကြရာ ဖဒိုအောင်ဆန်း ဦးဆောင်သော ငြိမ်းချမ်းရေးအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက် အတွင်းရေးမှူး(၁)သည် ငြိမ်းချမ်းရေးခန်းမဆောင်၌ ဖဒိုအောင်ဆန်း ဦးဆောင်သော ငြိမ်းချမ်းရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ဖဒိုအောင်ဆန်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး(၁)က တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးနှင့်ဆေးပစ္စည်းများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဖဒိုအောင်ဆန်းက လက်ခံသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက ပြည်နယ်၏ ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းကပြည်နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုများ၊ သောက်သုံးရေ လုံလောက်စွာရရှိရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်ကမွန်ပြည်နယ်အတွင်း သတ္တုတွင်းဝန်ကြီးဌာန၏ ဆားလုပ်ငန်းများဆောင်ရွက်မှု အခြေအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စက်မှုလက်မှုအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပံ့ပိုးမှု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့်အတူ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့် အဖွဲ့သည် နည်းပညာတက္ကသိုလ် (မော်လမြိုင်) ပင်မအဆောင်သစ်ဖွင့်ပွဲ တက်ရောက်အားပေးရန်နှင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှု၍ လိုအပ်သည့် ပံ့ပိုးမှုများကို ညှိနှိုင်းဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပတ်သက်၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်ကို ယခုနှစ် ဖေဖော်ဝါရီလကုန်အထိ ရည်မှန်းချက်၏ ၉၀ ရာခိုင်နှုန်းကျော် ရရှိနေသည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသည့် ကာလအတွင်း ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင်လည်း မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ ကဏ္ဍအလိုက်၊ အမျိုးအစားအလိုက် ခွဲခြမ်းစိတ်ဖြာလေ့လာပြီး အားနည်းသည့်ကဏ္ဍကို ပိုအားထည့်ရန် လိုသကဲ့သို့ တိုးတက်မှု အလားအလာကောင်းသည့်ကဏ္ဍတွင်လည်း ဆက်လက်မြှင့်တင် ဆောင်ရွက်ခြင်းဖြင့် မျှော်မှန်းချက် ပြည့်မီရုံသာမက ပိုမိုတိုးတက်လာနိုင်သည့် အခြေအနေမျိုးပင် ရရှိလာနိုင်မှာဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူတစ်ဦးချင်း တစ်နှစ်ပျမ်းမျှဝင်ငွေ ကျပ်ခြောက်သိန်းရရှိရေး မျှော်မှန်းချက်ထား အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်လာမှသာလျှင် လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်၍ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ငွေကျပ် ခြောက်သိန်းပြည့်မီ ကျော်လွန်အောင် ဖြစ်နိုင်ခြေရှိသည့် အလားအလာမှန်သမျှကို ရှာဖွေကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးအကျပ်အတည်းကို နိုင်ငံတိုင်း ရင်ဆိုင်ကျော်လွှားနေကြရကြောင်း၊ အထူးသဖြင့် စက်မှုပိုင်းဆိုင်ရာ ထုတ်လုပ်သည့်နိုင်ငံများ ပိုမိုအထိနာခဲ့ရပြီး စိုက်ပျိုးရေး အခြေခံနိုင်ငံများမှာမူ ထိခိုက်မှုရှိသော်လည်း ပြင်းထန်မှုမရှိသည်ကို တွေ့ရှိရကြောင်း။

အလားအလာကောင်း

မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့တွင်ရှိသည့် အခြေခံအားသာချက်များကို ထိထိရောက်ရောက် အသုံးချနိုင်ပါက နိုင်ငံအတွက် အကျိုးရှိလာနိုင်သည့် အချိန်ကာလဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ အတန်အသင့် ဈေးကျမှုရှိသော်လည်း ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ပြီး ထုတ်လုပ်မှုစရိတ် လျော့နည်းအောင် ဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်သော အခြေအနေကောင်းတစ်ခုနှင့် ဈေးကွက်ချဲ့ထွင်နိုင်မှုတို့အတွက် အလားအလာကောင်းများ ရရှိနိုင်မှာဖြစ်ကြောင်း။

မွန်ပြည်နယ်သည် နှစ်ရှည်သီးနှံ ရော်ဘာအပြင် ခြံလုပ်ငန်းများလည်း ပေါများဖြစ်ထွန်းသည့်ဒေသဖြစ်ကြောင်း၊ ရော်ဘာသည် အဓိကကျသည့် စက်မှုကုန်ကြမ်းဖြစ်ပြီး ငွေကြေးအကျပ်အတည်း ဂယက်ကြောင့် အတန်အသင့် ဈေးနှုန်းကျခဲ့သော်လည်း ယခုအခါ တဖြည်းဖြည်း ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့် ဆန်စပါး၊ သားငါး၊ ရော်ဘာနှင့် ခြံထွက်သီးနှံထွက်ကုန် တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိအောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အကျိုးဖြစ်ထွန်း

ယခုကဲ့သို့ စိုက်ပျိုးထွက်ကုန်တိုးတက်ရေး ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းပေါ်တွင် မှီခိုလုပ်ကိုင်နေကြသည့် စိုက်ပျိုးသူနှင့် ဝယ်ယူရောင်းချသူနှစ်ဦး အကျိုးတူလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျဆောင်ရွက်နိုင်စေရန် ဝန်ထမ်းများအပိုင်းက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အရင်းအနှီးလိုသည့် ဒေသခံစိုက်ပျိုးသူနှင့် ဝယ်ယူရောင်းချသူတို့ နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာမှု မရှိစေရန် ဝန်ထမ်းများအပိုင်းက ထိန်းညှိကူညီပံ့ပိုးပေးသွားရန်လိုကြောင်း၊ ဤကဲ့သို့ သုံးဦးသုံးဖလှယ်ညှိနှိုင်းခြင်း၊ ပေါင်းစပ်ခြင်း၊ ကွပ်ကဲထိန်းသိမ်းခြင်းတို့ဖြင့် စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်မှုရှိလာမည့်အပြင် လူတစ်ဦးချင်းအတွက်ရော၊ ဒေသအတွက်ပါ အကျိုးဖြစ်ထွန်းလာနိုင်မှာဖြစ်ကြောင်း။

ဤကဲ့သို့ စိုက်ပျိုးရေးထွက်ကုန် တိုးတက်မြင့်မားရေး ဆောင်ရွက်သည့်နေရာတွင် အလေအလွင့်မရှိအောင် အထူးဂရုပြုထိန်းသိမ်းသွားရန်လိုကြောင်း၊ အလေအလွင့်နည်းပါးသည်နှင့်အမျှ ထွက်ကုန်တိုးပြီး ကုန်ကျစရိတ် ကျဆင်းလာနိုင်မှာဖြစ်ကြောင်း။

ချိတ်ဆက်ဆောင်ရွက်

ယနေ့ နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်မှုရှိအောင်၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဆောင်ရွက်ကြိုးပမ်းလျက်ရှိကြောင်း၊ ဒေသအားလုံးကိုလွှမ်းခြုံပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ ဆူကြုံနိမ့်မြင့် ကျဉ်းမြောင်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများရော၊ ကျေးလက်ဒေသများပါ မကျန် မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရန် နယ်စပ်ဒေသစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို ချိတ်ဆက်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤနေရာတွင် နိုင်ငံတော်၏ကိုယ်စား အနီးကပ်ကြီးကြပ် တာဝန်ယူနေကြသည့် ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများအကြား သတ်မှတ် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများနားလည်မှုရှိရှိဖြင့် ပါဝင်ပူးပေါင်းလာအောင် မိမိတို့က မှန်မှန်ကန်ကန် စည်းရုံးဦးဆောင်မှုပြုရန် လိုအပ်ကြောင်း။

ဒေသနှင့်ပြည်သူများ၏ အခြေအနေမှန်ကို သိရှိသဘောပေါက်အောင် လေ့လာသုံးသပ်၍ ပကတိအရှိတရားနှင့် ဖြစ်နိုင်ခြေရှိသည်များကို ဆက်စပ်ပြီး ပြည်သူများအပေါ် ဝန်မပိစေဘဲ စီမံဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၉)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၉)ကို မြန်မာ့ကျေးလက်အလှပန်းချီ၊ နွေဦးရာသီရှုခင်း မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ချမ်းမြဆောင်း(ကလော)၊ အံ့ကြည်ဟိန်း(လယ်ကိုင်း မြို့ဟောင်း)၊ ကြူကြူသင်း၊ ရွှေခြံဆွေဦး၊ ယုဝတီရွှေဝါစိန်၊ ညီသစ်ဆင်း(ညောင်ဦး)၊ မြတ်ဘုန်း(တပ်ကုန်း)၊ စကုဆွေသစ်၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ စစ်ကိုင်းစိမ်းစိမ်း၊ အောင်မြင့်မြတ် (ပြည်ရွှေဘို)၊ သာနိုင်အောင်(ကျိုက်မရော)၊ ယဉ်မွေးပန်း(ဟဲဟိုး)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မြင်းခြံကျော်အောင်၊ မောင်ကြည်ထွန်း၊ ရဲမင်းထွန်း(မြင်းကပါ)၊ တက္ကသိုလ်စိုးယဉ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စိုးဝေလွင်(တောင်သာ)၊ မြမြလှိုင်၊ သက်ဦးနိုင်(မြဝတီ)၊ ပန်းတနော်စောလွင်၊ မောင်အင်းစိန်၊ ထွန်းလှိုင်(မြိုင်)၊ ရင်ရင်မော်(အာမခံ)၊ ငွေးပုလဲ၊ ညီထွန်း၊ မောင်မောင်ကျော့(ပလက်ဝ)၊ စိုးစံ၊ မောင်နေမွန်၊ စိုးခ၊ စည်သူကျော်တို့၏ ကာတွန်း၊ ဝတ္ထုတို၊ ဘာသာပြန်ဝတ္ထု၊ ရွှေသဒ္ဒာ၏ အခန်းဆက်ဝတ္ထုရှည်၊ ဗုဒ္ဓစာဉယျာဉ် ကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောဓလေ့ စာပန်းချီ၊ ကဗျာပန်းရုံရိပ် တို့ဖြင့် သုတ၊ ရသစုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူရရှိနိုင်

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ် သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် မတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

၂၉-၃-၂၀၀၉ ရက်နေ့

၂၀၀၉ ခုနှစ် ဧပြီလအတွက်

၁၂-၄-၂၀၀၉ ရက်နေ့

နှင့်

၂၆-၄-၂၀၀၉ ရက်နေ့

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် နေပြည်တော်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျွတ် ဆောက်လုပ်ပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ အဓိကဆန္ဒဖြစ်သည့် အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်လုပ်ကိုင်လိုမှုတို့ကို အကောင်အထည်ဖော်ထားပြီးဖြစ် ပြည်သူတစ်ရပ်လုံးက ထိုအခြေခံကောင်းများကို ဆက်လက်တည်တံ့တိုးတက်အောင်ဖော်ဆောင်

နေပြည်တော် မတ် ၂၄

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျွတ် ဆောက်လုပ်ပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ခရိုင် သရက်ကုန်းကျေးရွာရှိ သုခဝိဟာရကျောင်းတိုက်ဝင်း၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် နေပြည်တော်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ လှူဒါန်းခြင်းကို ဆက်လက်ကျင်းပရာ နေပြည်တော်ခရိုင် ကျေးရွာစာကြည့်တိုက် ၁၂၁တိုက်အတွက် မတည်အလှူငွေကျပ် ၃၆၃သိန်းနှင့် စာအုပ်စာစောင် ၃၅၁၀တို့ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်က လည်းကောင်း၊ အလှူရှင် Original Group ကုမ္ပဏီက နေပြည်တော်တပ်ကုန်းမြို့နယ် ကံလှကျေးရွာရှိ လင်းရောင်ခြည်စာကြည့်တိုက်၊ဘူတာကျေးရွာရှိပွင့်ဖူးစာကြည့်တိုက်နှင့် နောင်သခ်ါကျေးရွာရှိ မြတ်စွယ်တော်စာကြည့်တိုက်တို့အတွက် လှူဒါန်းငွေကျပ်သိန်း ၃၀ကိုလည်းကောင်း၊ အလှူရှင် စိုးလှျပ်စစ် ကုမ္ပဏီက နေပြည်တော် ပျဉ်းမနားမြို့နယ် ကျောက်ချက်ကျေးရွာရှိ ဘဝမီးအိမ် စာကြည့်တိုက်နှင့် သရက်ကုန်းကျေးရွာရှိ အလင်းပွင့်စာကြည့်တိုက်တို့အတွက် ထပ်မံလှူဒါန်းငွေ ကျပ်၁၇သိန်းနှင့် စာအုပ်စာစောင် ၁၄၀၀တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင်သိဏ်းကုမ္ပဏီက နေပြည်တော် ပျဉ်းမနားမြို့နယ် သိုက်ချောင်းကျေးရွာရှိ အားမာန်စာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်း၊ ခေတ်အေးကျေးရွာရှိ ရွှေခေတ်စာကြည့်တိုက်၊ နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ မောင်မယ်သစ်လွင် စာကြည့်တိုက်နှင့် ရွာသစ်ကျေးရွာရှိ အားမာန်သစ်စာကြည့်တိုက်တို့အတွက် ထပ်မံလှူဒါန်းငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ အလှူရှင် အေဝမ်းကုမ္ပဏီက နေပြည်တော်ပျဉ်းမနားမြို့နယ် ရေဆင်းကျေးရွာရှိ ပညာ့ရောင်ခြည်စာကြည့်တိုက်နှင့် မင်းကုန်းကျေးရွာအုပ်စု အောင်ချမ်းသာ ကျေးရွာရှိ သုတရတနာစာကြည့်တိုက်တို့အတွက် လှူဒါန်းငွေကျပ် ၁၅သိန်းကို လည်းကောင်း၊ အလှူရှင် Asia-Hi-Tech ကုမ္ပဏီက နေပြည်တော် လယ်ဝေးမြို့နယ် သက်ကယ်ချင်းကျေးရွာရှိ ပညာကမ္ဘာစာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၂၀ကိုလည်းကောင်း၊ အလှူရှင် Max Myanmar ကုမ္ပဏီက ငွေကျပ်၂၅သိန်းကို လည်းကောင်း၊ အလှူရှင် နောက်တုံကုမ္ပဏီက ငွေကျပ် သိန်း၂၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင် အောင်ချမ်းသာကုမ္ပဏီက ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ အလှူရှင် တက်လမ်းကုမ္ပဏီက ငွေကျပ်သိန်း ၃၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သုခဝိဟာရ သရက်ကုန်းဘုန်းတော်ကြီးကျောင်းရှိ ကျောင်းသားကျောင်းသူများ ပညာရေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သုခဝိဟာရ သရက်ကုန်းဘုန်းတော်ကြီးကျောင်း ပညာရေးအထောက်အကူပြုသင်တန်းများအတွက် အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သုခဝိဟာရ သရက်ကုန်း ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းသားကျောင်းသူများ ပညာရေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းနှင့် အလင်းပွင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်အုပ် ၂၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင် ဦးစိန်ဝင်းက လက်ခံသည်။

လက်ခံ

ယင်းနောက် နေပြည်တော်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက သုတ၊ရသ စာအုပ်စာစောင် အုပ် ၆၀၀ကို လည်းကောင်း၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက မန္တလေးတိုင်းမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ် ၇၀၊ လအလိုက်ချုပ်ပြီး သတင်းစာအုပ်၄၅၀နှင့် ဂျာနယ်စာစောင် ၆၀၀ စုစုပေါင်း စာအုပ်စာစောင် ၁၁၂၀ တို့ကိုပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လက်ခံသည်။

ဆက်လက်၍နေပြည်တော်ခရိုင်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျွတ်ဆောက်လုပ်ပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနား အထိမ်းအမှတ်အလံများကိုတာဝန်ရှိသူများကတိုင်းမှူးနှင့် ဝန်ကြီးများအား ပေးအပ်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သရက်ကုန်းကျေးရွာရှိ အလင်းပွင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ အလှူရှင် စိုးလှျပ်စစ် ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်မင်းထွန်း၊ နေပြည်တော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေမှု အခြေအနေများနှင့် စာအုပ်စာစောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထူထောင်ဖွင့်လှစ်

အခမ်းအနားတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာ၌ ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ တိုးတက်လာစေရေးနှင့် ပညာဗဟုသုတ တိုးပွားလာစေရေးတို့အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီး အဆိုပါ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်နိုင်ရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိရာ နေပြည်တော်ခရိုင်တစ်ခုလုံး ခရိုင်လုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းကိုလည်း ပိုမိုတိုးချဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စာပေဖတ်ရှုလေ့လာခြင်း အခြေခံကောင်းများ စွဲမြဲတည်ရှိလာပြီး ပညာဗဟုသုတနှင့် ပြည့်စုံရင့်ကျက်လာကာ မိမိတို့၏ ကျေးရွာ၊ ဒေသ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ကြိုးပမ်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ပြည်သူများသည် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသော ပညာရပ်များ၊ သတင်းများကို မျက်ခြည်မပြတ် လေ့လာဆည်းပူး နေကြရမည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူအားလုံး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် စာပေဗဟုသုတများကို အမှန်တကယ် ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ တိုးတက်ရရှိလာအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ ဖွင့်လှစ်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာအောင် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ အဓိကဆန္ဒဖြစ်သည့် အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်ဆောင်ရွက်လိုမှုစသည့် အခြေခံလိုလားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားပြီးဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဤအခြေခံကောင်းများကို ဆက်လက်တည်တံ့တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပံ့ပိုး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန် ခိုင်မာစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ဆက်လက်ပံ့ပိုး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ သရက်ကုန်းကျေးရွာ အလင်းပွင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဖခင်အမည်မှန်

ဖျာပုံမြို့၊ အမှတ် ၁၂၇၊အောင်သပြေ ၃လမ်းနေ မောင်သူရကို၏ဖခင်အမည် မှန်မှာ ၁၁/မအန(နိုင်)၀၀၀၁၀၆ အရ ဦးကျော်ကျော်လင်း ဖြစ်ပါကြောင်း။

ဦးကျော်ကျော်လင်း။

အမည်ပြောင်း

ပုသိမ်မြို့ ကင်မလင်းကျွန်းရပ်ကွက်နေ ဦးအောင်ကိုကိုဦး၏သမီး အမက (၁၄)မူလွန် ဒဂုံမြောက် ဒုတိယတန်း (ဂ)မှ မကေဇင်ဟိန်းအား မချယ်ရီကိုကိုဟု ပြောင်းလဲခေါ်ပါရန်။

မချယ်ရီကိုကို။

စာအုပ်စာပေ
လူ့မိတ်ဆွေ

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၅)ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးကို ၂၇-၁၂-၂၀၀၈ရက်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ယင်းနေ့တွင် မကျင်းပနိုင်ခဲ့ပါ။ ယင်းအစည်းအဝေးကို ၂၀၀၉ခုနှစ် မတ် ၂၈ရက် (စနေနေ့) ညနေ ၅နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (I.B.C)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဟယ်လင်းနစ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၉ခုနှစ် မတ် ၂၅ရက်တွင် ကျရောက်သော ဟယ်လင်းနစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဒိုရာ၊ ဘာကိုယမ်နစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးအုန်းသွင်အား သီရိလင်္ကာနိုင်ငံဆိုင်ရာ သံအမတ်ကြီး အဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအုန်းသွင်အား သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)



နီလာ **အပြည်ပြည်ဆိုင်ရာခရီးသွားလာရေးလုပ်ငန်း**

ဒေါ်အေးအေးမော် ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

၆-၄-၂၀၀၉ရက် ➤ ၂၁ရက်ခရီး ကျပ် ၁၁ သိန်း (ဗုဒ္ဓဂယာတိုက်ရိုက်) သံဝေဇနီယလေးဌာန(ဖွား၊ပွင့်၊ဟော၊စံ) + အဝိဇဟိတလေးဌာန (ပွင့်၊ ဟော၊ တက်၊ ဆင်း) (တာဝတိံသာ) + ကမ္ဘာအံ့ဖွယ် တပ်ဂျ်မဟာ + နယူးဒေလီ (မဟာသတိပဋ္ဌာန်ဟောကြားသောနေရာ) ကိုလ်ကတ္တား ဈေးဝယ်မည့်ခရီးစဉ်နှင့် ဗဟုသုတရစရာနေရာ(နေရာစုံ စရိတ်ငြိမ်း)

၁၀-၄-၂၀၀၉ရက် ➤ ၁၅ရက်ခရီး ကျပ် ၁၀ သိန်း (India Air Line) သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + တပ်ဂျ်မဟာ နယူးဒေလီ (နေရာစုံ စရိတ်ငြိမ်း)

အတာသင်္ကြန်နှစ်သစ်ကူး အထူးအစီအစဉ်

၆-၄-၂၀၀၉ရက်နှင့် ၁၀-၄-၂၀၀၉ရက် ခရီးစဉ်တွင် လိုက်ပါမည့်ဘုရားဖူးခရီးသည်များအား မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ရဟန်းခံ၊ ရှင်ပြု၊ သိက္ခာထပ်၊ သီလရှင်ဝတ်လိုသူများအား နီလာမှ နိဗ္ဗာန်ကိုရည်မှန်း၍ ဒါနကုသိုလ်ယူကာ ဆောင်ရွက်ပေးပါမည်ဖြစ်၍ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ၅-လပိုင်း အထူးအစီအစဉ်၊ အထူးဈေးနှုန်း

ထွက်ခွာမည့်နေ့ ၄-၅-၂၀၀၉ရက် ခုနစ်ညအိပ်၊ ရှစ်ရက် (စရိတ်ငြိမ်းခရီးစဉ်)

ကျပ် ၇သိန်း ၄သောင်း (India Air Line)

နီလာဘုရားဖူးအဖွဲ့က ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဂယာမြေမြတ်မဟာ ဗောဓိစေတီတွင် ဃနာနို့ဆွမ်းကပ်လှူဒါန်းခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီးပွဲများနှင့် ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ဘုရားဖူးလိုက်ပါလိုသော ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ ကြိုတင်စာရင်းပေးသွင်းကြပါရန် ဖိတ်မန္တကပြုအပ်ပါသည်။

မှတ်ချက်-ယခင် လိုက်ပါခဲ့ဖူးသော ဓမ္မမိတ်ဆွေများအား ရှစ်ရက်ခရီးစဉ်တွင် ပြန်လည်လိုက်ပါပါက တစ်ဦးလျှင် ကျပ်၂၀၀၀၀တိတိ လျှော့ပေးပြီး **P.P** နှင့် **VISA** သက်တမ်းရှိပါက ကျပ်၆၀၀၀၀တိတိထပ်မံလျှော့ပေးမည်ဖြစ်ပါသည်။**အမှတ်၁၁၅၊မြေညီ၊ရွှေဘုံသာလမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၀၉-၉၉-၇၃၃၉၅။**

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ၁က/၉၃၀၈၏ အခွန်ပြေစာများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးလှဝင်း ဖုန်း-၀၁-၅၇၂၂၄၀။

သိန်းနီမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၄

လားရှိုး မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မတ် ၂၂ရက် ညနေ၄နာရီခွဲခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ရေပူ စစ်ဆေးရေးစခန်း ရှောင်ကွင်းလမ်းတွင်လမ်းလျှောက်လာသူ လောက်ပူးအားရှာဖွေရာ ၄င်းဝတ်ဆင်ထားသော အင်္ကျီအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သောင်း သိမ်းဆည်းခဲ့မိကြောင်း၊ အဆိုပါ တရားခံ လားရှိုးမြို့နေ လောက်ပူး (ခ)ပြောင်ကြီး(ခ)ရန်အိမ်ဟော်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံးပေါက်ကွဲ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရ

နေပြည်တော် မတ် ၂၄

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာနေ ဦးသန်းအေး အသက်(၄၅)နှစ်သည် မတ်၂၁ရက် နံနက်၉နာရီခွဲခန့်တွင် ရွာ၏အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ ဒညင်းကုန်းတောသို့ လှည်းဖြင့်ထင်းခုတ်ရန် သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံး ပေါက်ကွဲပြီး ဝဲလက်ဖျံနှင့် တံတောင်ဆစ်တို့တွင် မိုင်းစထိမှန် ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးတင်ဦးလွင်အား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးလွင်အား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၂၄

“လောင်စာဈေးနှုန်းတွေအကျမှာ ကုန်ဈေးနှုန်းတွေ ဘာကြောင့်မကျရသလဲ” လောင်စာဆီဈေးနှုန်းများ ကျဆင်းနေချိန်တွင် ကုန်ဈေးနှုန်းများ သိသိသာသာကျဆင်းခြင်းမရှိသည့်အပေါ် စီးပွားရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူများ၏ သုံးသပ်ချက်သတင်း ဆောင်းပါးပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၃) ထွက်ရှိလာသည်။

ယင်းအပြင် မြန်မာ-အင်ဒို နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ပျံသန်းမှု အပါအဝင် ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်မှုများ တိုက်ရိုက်လုပ်ဆောင်တော့မည်၊ အင်းလေးကန် ဂေဟစနစ်ပိုမိုကောင်းမွန်ရေး စီမံကိန်းများ ဆောင်ရွက်ပြီ၊ အရှေ့တောင်အာရှတွင် အကြီးဆုံး မြန်မာ့ပန်းပုပြတိုက် ကြီးဖွင့်မည်၊ လက်ဖက်အပါအဝင် စားသောက်ကုန်နှင့် သီးနှံများ ဆိုးဆေးသုံးက ထိရောက်စွာအရေးယူမည်ဟုဆို၊ နေရှင်နယ်လိဂ်ဘောလုံး ပြိုင်ပွဲ MRTV-4 မှ တိုက်ရိုက်ပြသမည်၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ FDA ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းနှင့် ဆွေးနွေးမေးမြန်းခြင်း၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ **“ရန်ကုန်နှင့် ရေပြဿနာ”အကြောင်း၊ ဇာတ်မင်းသားလေး စွမ်းဇာနည်နှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ** ဖျော်ဖြေရေး သတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

သမ္မတသစ် ဘားရက်အိုဘားမားအပေါ် လူထုထောက်ခံမှု ကျဆင်းလာဟုဆို၊ ပီအိုင် နေ့စဉ်ထုတ်သတင်းစာ အွန်လိုင်းမှသာ ဖြန့်ချိထုတ်ဝေတော့မည်၊ စင်ကာပူတွင် ဘွဲ့ရအလုပ်လက်မဲ့များ ပိုများလာ၊ ရှီမီယိုနှင့် ဂျူးလီးယက်တို့ တွေ့ဆုံရာလသာဆောင်သည် ချစ်သူစုံတွဲများ စုလျားရစ်ပတ် လက်ထပ်သောနေရာဖြစ်လာမည်၊ အသက်ရှုလေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် ရင်ကျပ်ပန်းနာရောဂါ သက်သာပျောက်ကင်းနိုင်၊ သွေးစုပ်ဖုတ်ကောင်နှင့် ပတ်သက်သည့် အလယ်ခေတ်ယုံကြည်မှု အထောက်အထားများ ရှာဖွေတွေ့ရှိ **“အနက်ရောင်တက္ကစီမောင်းသူက ၁၃နှစ်တိုင် အမျိုးသမီး ငါးရာကျော်ကို ဆေးခတ်ထားသော ရှမ်ပိန်တိုက်ပြီး လိင်ကိစ္စကျူးလွန်သည့်အမှု ဖော်ထုတ်”** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **“ပြောချီးမယ် သူတို့ကဒီလိုတဲ့”** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာ ကဏ္ဍများ စုံလင်စွာပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

လမ်း/တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းအတွင်းရှိ လက်ရှိလမ်း/တံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ လမ်းနှင့်တံတားများ၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ၁-၄-၂၀၀၉ရက်မှ၃၁-၃-၂၀၁၀ရက်အထိ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လိုင်စင်(၁၂)လလုပ်ပိုင်ခွင့်ကို တနင်္သာရီတိုင်းအတွင်းနေထိုင်သည့် နိုင်ငံသားလုပ်ငန်းရှင်များသို့ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့် လမ်းအသုံးပြုခကောက်ခံရေးစခန်းများ

(၁) အိမ်ရှေ့ပြင်ဂိတ် (ထားဝယ်မြို့နယ်)
(၂) ပေါက်တိုင်းဂိတ် (ထားဝယ်မြို့နယ်)
(၃) ဗျောတောဝဂိတ် (ထားဝယ်မြို့နယ်)

(ခ) လေလံတင်ရောင်းချမည့် တံတားအသုံးပြုခကောက်ခံမည့်တံတားများ

(၁) ကမျောကင်းတံတား (ထားဝယ်မြို့နယ်)
(၂) ဝင်းဝတံတား (သရက်ချောင်းမြို့နယ်)
(၃) ပလောက်တံတား (ပလောက်မြို့နယ်)
(၄) ပုလောတံတား (ပုလောမြို့နယ်)
(၅) ကျွဲကူး-ကျောက်ဖျာတံတား (မြိတ်မြို့နယ်)

(ဂ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ

အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်း၊ မြိတ်မြို့

(ဃ) ချိပ်ပိတ်တင်ဒါ တင်သွင်းရမည့်ရက်နှင့်အချိန်

၂၉-၃-၂၀၀၉ရက် နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ

(င) ချိပ်ပိတ်တင်ဒါ တင်သွင်းရမည့်နေရာ

အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်း၊ မြိတ်မြို့၊

(စ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်ရက်စွဲနှင့်အချိန်

၃၀-၃-၂၀၀၉ရက် နံနက် ၁၀နာရီ

(ဆ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်နေရာ

ပုလဲရတနာခန်းမ၊ ကမ်းနားလမ်း၊ မြိတ်မြို့၊

မှတ်ချက် ။ ။ ချိပ်ပိတ်တင်ဒါ ဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၅၀၀၀နှုန်းဖြင့် ၂၆-၃-၂၀၀၉ရက်မှစ၍ ရုံးချိန်အတွင်း အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်း၊ မြိတ်မြို့တွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ

လမ်း/တံတားအသုံးပြုခ ကောက်ခံရေးလိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်မှုအဖွဲ့၊တနင်္သာရီတိုင်း၊မြိတ်မြို့။

ကန်ကြီးထောင့်မြို့ ဘဲဂရက် - မီးဒုတ်ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း မတ် ၆ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖြူးမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ဖြူး မတ် ၂၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူးမြို့နယ် ကြာအင်းကျေးရွာအုပ်စု ကြာအင်းကျေးရွာတွင် လမ်းပြ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးက စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် ဖြူးမြို့ ကျားပုံမိသားစုက လှူဒါန်းငွေကျပ် ၁၀၀၀၀၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေမှကျပ် ၃၂၀၀၀၊ ကြာအင်းကျေးရွာ အလက(တွဲ) ကျောင်းအုပ်ဆရာကြီးက သတင်းစာတစ်နှစ်စာအတွက် အလှူရှင်အဖြစ် လှူဒါန်းငွေကျပ် ၂၁၆၀၀၊ အခြား အလှူရှင် ၄၁ဦးထံမှ လှူဒါန်းငွေကျပ် ၁၅၂၇၅၀နှင့် အလှူရှင် ရှစ်ဦးထံမှ စာအုပ်စာစောင် အုပ်၃၅၀တို့ကို စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက လက်ခံယူသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)** အဆိုပါစာကြည့်တိုက်၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀၂၀၀၀၀ ဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာအုပ်စုလုံးကျွတ် ခိုင်မာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ခန္တီး၌ကျင်းပ

ခန္တီး မတ် ၁၂

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးသည် ကောင်းဟိန်စခန်းမှူး ဒုရဲအုပ်မြင့်ဆွေဦးနှင့် ရဲတပ်ဖွဲ့ဝင်များလိုက်ပါ၍ ဖေဖော်ဝါရီ ၃ရက် ညနေ ၄နာရီက ကောင်းဟိန်ကျေးရွာသို့ ရောက်ရှိရာ အဆိုပါကျေးရွာရှိ လင်းရောင်ခြည်စာကြည့်တိုက်ခန်းမ၌ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အုပ်စုလုံးကျွတ်ခိုင်မာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်များကို သတ်မှတ်စံ(၅)ချက်နှင့် ရှင်သန်ခိုင်မာရေးဆွေးနွေးပြီး အုပ်စုဥက္ကဋ္ဌ ဦးမောင်လတ်က ကျေးရွာစာကြည့်တိုက်များ စာအုပ်စာစောင်တိုးပွားရရှိရေးနှင့် စာကြည့်တိုက်ငွေပဒေသာပင် စိုက်ထူဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်နေမှုများ၊ စာဖတ်၊စာငှားသူ တိုးပွားဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆွေးနွေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက လင်းရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံအုပ် ၅၀ကိုလည်းကောင်း၊ ကောင်းဟိန်စခန်းမှူး ဒုရဲအုပ်မြင့်ဆွေဦးက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀ကိုလည်းကောင်း၊ ကျေးရွာလူငယ်မောင်မယ်အဖွဲ့က စာအုပ်စာစောင် ၁၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးစန်းသွင်က လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြင်စာ-နောင်ဝယ်-လွန်ကောင်းကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူးဦးနိုင်လင်းမောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ညောင်တုန်းမြို့နယ် အခြေခံပညာစာသင်ကျောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်

ညောင်တုန်း မတ် ၁၇

ညောင်တုန်းမြို့ အခြေခံပညာစာသင်ကျောင်းများ သင်ယူပြီးမြောက်ခြင်းများ ပြီးစီးပြီး စာသင်ကျောင်း အသီးသီးတွင် အာစရိယပူဇော်ပွဲများနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို မတ် ၁၀ ရက်ကကျင်းပရာ ညောင်တုန်းမြို့နယ်ရှိ အမက ဖိုးနီကုန်း၊ အမက ပန်းဆိပ်၊အမက အုတ်ကျင်း၊ အမက ဘ၀သစ်၊ အမက ပန်းဇရာ၊ အမက ရေဝိုင်းပိုင်း၊ အမက မြေနု၊ မူလွန်ရွှေဟသာ်ကျွန်း၊ မူလွန်ကြောင်လျှာကုန်း(အောက်ယာပုံ)နှင့် အထက(၁)၊ အထက(၂)အပါအဝင် စာသင်ကျောင်းများတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်စန်းငွေးက ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရွာသူရွာသားများနှင့် တွေ့ဆုံရာတွင် စာသင်ကျောင်းအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေး၊ ကျောင်းသုံးပရိဘောဂများ ပြည့်စုံရေး၊ ကျောင်းသားကျောင်းသူများ ပညာရည် မြင့်မားရေး၊ လာမည့်ကျောင်းဖွင့်ရာသီတွင် ကလေးငယ်များအားလုံး ကျောင်းအပ်နှံရေး၊ လူဦးရေစာရင်း၊ ကလေးငယ်များစာရင်း စနစ်တကျကောက်ယူရေး၊ ပညာရေး တိုးတက်မြင့်မားရေးအတွက် ပြည်သူများ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရေးများကို ရှင်းလင်းမှာကြားဆွေးနွေးကြောင်း သိရသည်။ (၁၅၂)

ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ဟိုလီစံပြကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်သို့ အပတ်စဉ်ထုတ် ဂျာနယ်၊လစဉ်ထုတ်မဂ္ဂဇင်း၊ ပညာပေး သုတ၊ ရသစာစောင်အုပ်ရေ၃၀၀ကို ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ခင်က ပေးအပ်လှူဒါန်းရာ ဟိုလီစံပြကျေးရွာဥက္ကဋ္ဌ ဦးဟောင်းခေါင်က လက်ခံယူစဉ်။ (၁၂၃)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှ လည်းကောင်း၊ တရားဝင်ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါ ကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေးနည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်/ဆက် လက်ထောက်ညွှန်မှူး ရွှေတောင်၌ ဆောက်လုပ်ပြီးစာကြည့်တိုက်များ လှည့်လည်စစ်ဆေး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရွှေတောင် မတ် ၂၂

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူးဦးတင်အောင်ညွန့်နှင့် ပြည်ခရိုင် ဦးစီးအရာရှိ ဦးခင်မောင်ထွန်းတို့သည် မတ် ၁၆ရက်က ရွှေတောင်မြို့နယ်အတွင်းရေးမှူး ဦးရန်နိုင်မြင့်နှင့် မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်တို့နှင့်အတူ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးသည့် လက်ခုတ်တန်းကျေးရွာ ပဏ္ဍိတစာကြည့်တိုက်၊ စိုက်ပျိုးရေးရွာသစ်ကျေးရွာ ပညာဂုဏ်ရည်စာကြည့်တိုက်၊ ကမ်းတင်ကျေးရွာ ပညာဗိမာန်စာကြည့်တိုက်နှင့် ပြည်မြို့ ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးတင်ဦးနှင့်ဇနီး ဒေါ်ရင်သန်းမိသားစုက လှူဒါန်းသည့် ထန်းကုန်းကျေးရွာ ပညာရတနာစာကြည့်တိုက်(အောက်ယာပုံ)ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခိုင်ခိုင်မာမာ

ထို့နောက် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာဖတ်သူအသင်းဝင်တိုးပွားရေး၊ စာအုပ်စာစောင်နှင့်ပရိဘောဂများတိုးပွားရေး၊ စာဖတ်သည့်အလေ့အထကောင်းများဖြစ်ပေါ်ရေးနှင့်စာငှားစနစ်ဖြင့် စနစ်တကျ ခိုင်ခိုင်မာမာ ငှားရမ်းရေးတို့ကို ဆွေးနွေးသည်။

စီစဉ်

ရွှေတောင်မြို့နယ်အနေဖြင့် ၂၀၀၈ ခုနှစ် နိုဝင်ဘာမှ ယခု မတ် ၁၀ရက်အထိ စာကြည့်တိုက် အဆောက်အအုံ ၂၂ခု ဆောက်လုပ်ပြီးစီးနေပြီး ယခုလကုန်တွင် ပြီးစီးမည့် စာကြည့်တိုက်ရှစ်လုံးရှိပြီဖြစ်၍ ယခုလမကုန်မီ ဖွင့်လှစ်နိုင်ရန် စီစဉ်ပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

သံတောင်ကြီးမြို့နယ် လိပ်သိုမြို့တွင် တောင်တန်းအလင်းစာကြည့်တိုက် (ဂါခေါဒယ်လှုင်း) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်နှင့် မြို့နယ်ဦးစီးမှူး ဦးချစ်မင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

(၉၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၂၄

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် တပ်ကုန်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရွှေသစ္စာယာဉ်ငယ်လိုင်း ကြီးကြပ်ရေးမှူးဦးသိန်းဝင်း (မြကျောက်အေးချမ်း) **(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ၂၅ရက်က မန္တလေး အမျိုးသား သွေးလှူဘဏ်တွင် (၉၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နတ်တလင်းမြို့နယ်၌ ပညာလောကစာကြည့်တိုက်ဖွင့်

နတ်တလင်း မတ် ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အနောက်စုကျေးရွာ ပညာလောကစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၅ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်ဝင်းနှင့် ကျေးရွာဥက္ကဋ္ဌဦးအေးထွန်းသန်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေးဟောပြောပြီး စာအုပ်မျိုးစုံအုပ်၅၀ကိုလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိက စာအုပ်မျိုးစုံအုပ် ၅၀၊ ဒုတိယရဲမှူးမောင်ဝင်းက စာအုပ်မျိုးစုံအုပ် ၅၀၊ အလှူရှင်ဦးသန်းဦးက စာအုပ်မျိုးစုံအုပ်၁၅၀၊ ဦးထွန်းဇော်မြင့်က သတင်းစာနှင့်ဂျာနယ်အစောင်၁၀၀၊ဦးကျော်ကျော်-ဒေါ်ယဉ်ယဉ်တင့်က စာအုပ်မျိုးစုံအုပ် ၅၀နှင့် ဦးအေးထွန်းသန်း- ဒေါ်မြင့်မြင့်စန်း မိသားစုက စာကြည့်တိုက်ရန်ပုံငွေကျပ် ၁၀၀၀၀လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အရှိန်အဟုန်မြှင့်

ဆက်လက်၍ တာပွန်ကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ ထို့နောက် ညနေ၃ နာရီတွင် နတ်တလင်းမြို့နယ်ရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ ဝန်ထမ်းစည်းမျဉ်း၊စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး မှာကြားကြောင်းသိရသည်။ **(တိုင်း ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိန်ပန်းလမ်း အရှည်ပေ ၇၀၀၊အကျယ်၁၂ပေ ကျောက်ချောလမ်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးခွန်မြင့်လွင် ဆောင်ရွက်ရာသို့ မတ် ၉ရက်က အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက် ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်းပွဲ လွိုင်ကော်၌ကျင်းပ

လွိုင်ကော် မတ် ၂၀

ကယားပြည်နယ် လွိုင်ကော်မြို့ လောပိတအုပ်စု ရှမ်းရွာ အမကကျောင်း၌ အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မှာကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသောင်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သိန်းက မီးဘေးကာကွယ် တားဆီးရေးနှင့် စပ်လျဉ်း၍ မီးဘေးအန္တရာယ် ကင်းဝေးစေရန် ဒေသခံပြည်သူများ ဂရုပြုလိုက်နာသင့်သော မီးဘေးအန္တရာယ်များ၊ သင်တန်းဆင်းပြီးပါက သဘာဝဘေးအန္တရာယ် အမျိုးမျိုးဖြစ်သော လေဘေး၊ ရေဘေး၊ မီးဘေးများကို သင်တန်းသားများက မိမိတို့ကျေးရွာပြည်သူများနှင့် ပူးပေါင်း၍ သဘာဝဘေးများ မကျရောက်နိုင်အောင် ကြိုတင်ကာကွယ်ခြင်း၊ စီမံချက်ရေးဆွဲခြင်းများ ပြုလုပ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးဌာနမှူးက အကြိုအခြေခံမီးသတ်သင်တန်းသို့တက်ရောက်ကြသော သင်တန်းသားများအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)** အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၁ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲ ခူး တိုင်း (အ နောက် ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်မင်းလှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ပြသာယာလှပရေးနှင့် စိမ်းလန်း စိုပြည်ရေးအ တွက် ပျိုးဥယျာဉ် အတွင်း ပျိုး ထောင် ထားသော ပျိုး ပင်များကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံ အင်ဂျင် နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဘီးလင်း မတ် ၂၀

ဘီးလင်းမြို့နယ် ကဇိုင်းစံပြကျေးရွာအုပ်စု ချောင်းပြန့်ကျေးရွာ ရပ်ရွာပညာပဒေသာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့်ငွေပဒေသာပင်လှူဒါန်းပွဲကို မတ်၅ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းလှနှင့် ကဇိုင်းကျေးရွာဥက္ကဋ္ဌ ဦးကျူလီတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်နှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန၊ မြို့နယ်ရဲစခန်းမှူးနှင့် (UNDP) မြို့နယ်

ရပ်ရွာပဒေသာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင်များလှူဒါန်း

တာဝန်ခံတို့က ငွေကျပ် ၁၀၀၀၀စီကိုလည်းကောင်း၊ မြို့နယ် ဒုတိယဦးစီးမှူး၊ မြို့နယ် ပညာရေးမှူးနှင့် အလှူရှင်ကိုးဦးတို့က ငွေကျပ် ၅၀၀၀စီကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်သုံးဦးတို့က ငွေကျပ် ၃၀၀၀စီကိုလည်းကောင်း၊ အလှူရှင် ၁၂ဦးတို့က သုတ၊ ရသစာအုပ် ၇၀နှင့် ဂျာနယ် ၂၁၂စောင်တို့ကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ရေကြည်မြို့နယ် ကျားချောင်ကျေးရွာအုပ်စု ကျားချောင်ကျေးရွာတွင် လက်နှိပ်ရေတုံကင်တွင်း တူးဖော်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ (၂) ဒေါ်စန္ဒာအေး ကွင်းဆင်းဆောင်ရွက်ရာ ရေထွက်ရှိ သုံးစွဲနေမှုကို အမှုဆောင်အရာရှိ ဦးဌေးနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်းမြို့နယ်၌ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်

ရေနံချောင်း မတ် ၁၀

ရေနံချောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကန်ကြီးအုပ်စု ဝွေးကုန်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၂ရက်ကကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးနွဲ့က စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးရေးနှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများကို ပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ မြို့နယ် ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လူ့ဘဝရလာခိုက်
ဒီစာအုပ်မျိုးတော့ ဖတ်ဖူးလိုက်မှ။
ထိပ်တန်းစာရေးဆရာ ၆၀ ကျော်ရဲ့

‘၆၀အရွယ်’တဲ့

ဖတ်ကြည့်ရင် ဘဝတန်ဖိုးသိမယ်။

နိုင်စာပေ

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
(၇၆)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၇၆)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲအား သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ အာဒိကမ္မိက၊ ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယ ဆရာကြီး(ဦးကြည်)၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ကမ္မဋ္ဌာနာစရိယ၊ တရားဟောဓမ္မကထိက ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟောဓမ္မကထိကများဖြစ်ကြသော ဆရာဦးထွန်းလွင်၊ ဆရာဦးမြင့်သန်း၊ ဆရာဦးသန်းဝေတို့မှ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့်အညီ (၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၃ ရက်မှ နှစ်ဆန်း ၂ရက်အထိ) ၁၂-၄-၂၀၀၉ရက်မှ ၁၈-၄-၂၀၀၉ ရက်အထိ ခုနစ်ရက်တိုင် ဟောကြားပြသမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသူ ယောဂီများအနေဖြင့် ၁၁-၄-၂၀၀၉ ရက် ညနေ၅နာရီထက် နောက်မကျစေဘဲ တရားစခန်းဝင်ရောက်နိုင်ပါသည်။ တရားစခန်းဝင်လိုသူများနှင့် ဆွမ်း၊ ဝေယျာဝစ္စအလှူရှင်များအနေဖြင့် နာယက ဦးအေးကို ဖုန်း-၀၁-၆၆၀၀၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၅၀-၈၁၈၈၀၊ ဘဏ္ဍာရေးမှူး ဦးမျိုးညွန့် ဖုန်း-၀၁-၆၆၀၈၃၃၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးစန်းယု ဖုန်း-၀၉-၅၁-၄၀၁၃၄၊ ပြန်ကြားရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀-၆၁၁၃၈၊ ဥပနိဿယပြန့်ပွားရေး ဦးသန်း ဖုန်း-၀၉-၉၉-၂၅၅၀၅နှင့် ဦးအေးကြည် ဖုန်း-၀၉-၈၀-၃၂၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၉ ခုနှစ် မတ် ၂၇ရက်(သောကြာနေ့)သည် တပ်မတော်နေ့ဖြစ်ပြီး အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းနေ့တွင် ဘဏ်အားလုံးပိတ်ထား လိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

အများသိစေရန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိင်္ဂီလမ်း၊ အမှတ်-၅၃၁တွင် နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက်ဆောက်လုပ်ရန် ၅-၁-၂၀၀၆ ရက်တွင် မြေရှင်၊ အိမ်ရှင် ဦးမောင်မောင်သော်နှင့် နှစ်ဦးသဘောတူ ကတိစာချုပ်ပြုလုပ်ပြီး ဆောက်လုပ်သူ ကန်ထရိုက်တာ ဦးတင်ထွန်းဦးမှ ဆောက်လုပ်ရန်ကာလ ပြည့်ကုန်သော်လည်း ပြီးစီးခြင်းမရှိဘဲ ရပ်ဆိုင်းသွားသဖြင့် ယင်းစာချုပ် အပိုဒ်-၇(ခ)အရ ဆောက်လက်စအဆောက်အအုံကို ၅-၂-၂၀၀၉ ရက်စွဲပါ စာချုပ်ဖြင့် ကန်ထရိုက်တာ ဦးတင်ထွန်းဦးထံမှ မြေရှင်၊ အိမ်ရှင် ဦးမောင်မောင်သော်မှ အပြီးအပိုင် လွှဲပြောင်းရယူခဲ့ပြီး ကန်ထရိုက်တာ ဦးတင်စိုး(ခ)ဦးအီလီယာဒ်စ်နှင့် ၅-၂-၂၀၀၉ ရက်တွင် နှစ်ဦးသဘောတူ ကတိစာချုပ်ပြုလုပ်၍ ပြီးစီးအောင် ဆက်လက်ဆောက်လုပ်လျက်ရှိပါသည်။

အဆိုပါအဆောက်အအုံတွင် မြေရှင်၊အိမ်ရှင် ဦးမောင်မောင်သော်သည် ယခုအခါ ဝဲဘက်ခြမ်းမှ မြေညီထပ်(အေ-၁)၊ ပထမထပ်(အေ-၂)၊ စတုတ္ထထပ်(အေ-၅)၊ ပဉ္စမထပ်(အေ-၆)နှင့် ယာဘက်ခြမ်းမှ စတုတ္ထထပ်(ဘီ-၅)၊ ပဉ္စမထပ်(ဘီ-၆) တိုက်ခန်းခြောက်ခန်းကို အကျိုးခံစားခွင့် ရရှိထားပါသည်။

အဆိုပါအဆောက်အအုံမှ ကျန်တိုက်ခန်းအသီးသီးနှင့်စပ်လျဉ်း၍ အိမ်ရှင်၊ မြေရှင် ဦးမောင်မောင်သော်နှင့် ၃၁-၃-၂၀၀၉ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်သူမရှိဟု မှတ်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြေရှင်၊ အိမ်ရှင် ဦးမောင်မောင်သော် ၁၂/တမန(နိုင်)၀၃၅၇၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းထိန်
B.A., H.G.P., R.L., D.B.L., D.M.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ဘီ/၃၊ အဝေရာလမ်းသွယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း (ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တာမွေမြို့နယ်ဥပဒေရုံးဝင်း)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ဏ/၅၄၉၅၊ Mazda B.600 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၉/မနမ (နိုင်) ၀၀၆၃၇၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၅၁၃ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိန် ၉/မရတ(နိုင်) ၁၀၂၇၅၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် အ/၇၉၇၄၊ Nissan Sunny P/U(၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုးခိုင် ၉/မနမ(နိုင်)၀၄၈၇၁၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့။

ဒေးစွန်ပါဆံတော်ရှင်
ဒေးလာစွန်ပါတောင်
သျှရီသျှရီ ဒူ(ရ်)ဂါပူဂျာ
စန္ဒီမယ်တော်ကြီးပွဲတော်

ဖိတ်ကြားလွှာ

ဒေးစွန်ပါ ဆံတော်ရှင်စေတီ ပဓာနနာယက နယ်လှည့်သာသနာပြု ဆရာတော် ပထမံဘဒ္ဒန္တသြဘာသ (ဓမ္မာစရိယ)သြဝါဒကို ခံယူကာ စန္ဒီမယ်တော် သျှရီသျှရီ ဒူ(ရ်)ဂါပူဂျာ ပွဲတော်ကို ဒေးစွန်ပါ ဆံတော်ရှင် ဒေးလာစွန်ပါတောင် သာသနာပြုစခန်း မယ်တော်၏ နန်းအောင်မြေ၌ ၂၉-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပူဇော်မည်ဖြစ်ပါ၍ သပ္ပုရိသနှယ်ဝင် သူတော်စင်အပေါင်းအား ဖိတ်ကြားအပ်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်သက်နိုင်ထွန်းဝင်း ၉/ပမန (နိုင်) ၁၈၅၉၉၅သည် မိဘနှစ်ပါးနှင့် ဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်၍ တာဝန်မယူ၊ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ထွန်း-ဒေါ်ကြူကြူ။

သင့်သွေးဖြင့် အသက်ကယ်ပါ

မီးမလောင်ခင် သတိယှဉ် ကြိုတင် ကာကွယ်ပါ

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နေပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် မတ်၈ရက်က ရေပိုက်လိုင်းများ အစားထိုးလဲလှယ်ရန်အတွက် ပီဗွီစီပိုက်များ ဝယ်ယူစုဆောင်းထားမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

နွားထိုးကြီး မတ် ၁၅

နွားထိုးကြီး စည်ပင်သာယာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက်မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၁ ရက်က နွားထိုးကြီးဈေး၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ မြို့နယ်စည်ပင်ဈေးအကျိုးဆောင်အဖွဲ့၊မြို့နယ်မီးသတ်စခန်းမှတာဝန်ရှိသူများတက်ရောက်၍ မီးသတ်ကားဖြင့် သရုပ်ပြ မီးငြိမ်းသတ်ပြသကြောင်း သိရသည်။ (၀၉၂)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နု ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ခမောင်းချောတိုင်တံတား တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်/လမ်း စည်းကမ်းလိုက်နာရေးနှင့် ဆိုင်ကယ်စီးဦးထုပ်ဆောင်း လုံ့ဆော်ရေး စုပေါင်းဆိုင်ကယ်မောင်းသရုပ်ပြပွဲ ဘားအံ၌ကျင်းပ

ဘားအံ မတ် ၁၅

ကရင်ပြည်နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အရှိန်အဟုန်မြှင့်တင်ရေး ဆိုင်ကယ်စီးဦးထုပ်ဆောင်း လှုံ့ဆော်ရေး စုပေါင်းဆိုင်ကယ်မောင်း သရုပ်ပြပွဲကို မတ်၁ရက်က ဘားအံမြို့ပေါ်တွင်ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဆယ်မောင်နှင့် ရဲအရာရှိများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ကရင်ပြည်နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အရှိန်အဟုန်မြှင့်တင်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် ပေါ့ဆမှုမဖြစ်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့များ ပူးပေါင်းပြီး ဘားအံမြို့အတွင်း စုပေါင်း လှည့်လည်ဆိုင်ကယ်စီးဦးထုပ်ဆောင်း သရုပ်ပြကြသည်။

အဆိုပါ စုပေါင်းဆိုင်ကယ်စီးပြီး ဦးထုပ်ဆောင်း သရုပ်ပြနိုးဆော်လှည့်လည်ရာတွင် ဆိုင်ကယ် ၁၇၆စီးနှင့် ပြည်သူ ၂၀၀ကျော်တို့က ပါဝင်ခဲ့ကြသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံ ပန္နက်ရိုက်ပွဲ ဘူးသီးတောင်မြို့နယ် ရွာမကျေးရွာ၌ကျင်းပ

ဘူးသီးတောင် မတ် ၁၄

ဘူးသီးတောင်မြို့နယ် ရွာမ(ရခိုင်)ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ ပန္နက်ရိုက်အခမ်းအနားကို မတ်၆ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ ရွာအလယ်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဏ်မျိုး၊ မြို့နယ်စာရင်းစစ်အရာရှိ ဦးအောင်ကျော်ငြိမ်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးကိုယ်စား ဦးကျော်အေးမောင်နှင့် ရပ်မိရပ်ဖ ဦးအေးထွန်းတို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်များစိုက်ထူ၍ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက် လွန်းကျိုင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးဦးဆောင်၍ ဝန်ထမ်းများဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပွဲ အောင်မြေသာစံ၌ကျင်းပ

မန္တလေး မတ် ၁၉

အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်ခင်စောလွင်သည် ဝန်ထမ်းများနှင့်အတူ ရပ်ကွက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာငှားကတ်စနစ်များ ဟောပြောဆွေးနွေးပွဲကို မတ်၇ရက်က ပုလဲငွေရောင်ရပ်ကွက်ရှိ ပုလဲငွေရောင်စာကြည့်တိုက်နှင့် အောင်မြေသာစံရပ်ကွက်ရှိ အောင်မြေစာကြည့်တိုက်များသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ရှေးဦးစွာ ခေတ္တဦးစီးမှူး ဒေါ်ခင်စောလွင်က စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာငှားကတ်စနစ်နှင့် ပတ်သက်သည့် မှာကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌများ၊ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များက စာငှားကတ်စနစ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော်... နေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သော မြို့ပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို မတ် ၁၁ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ချို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၀၉ ခုနှစ် မတ် ၂၅ ရက်တွင်ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ကော့စ်တပ်စ် ကာရာမန်လစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နယ်စပ်ဒေသစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများ ချိတ်ဆက်ဆောင်ရွက်နေ နိုင်ငံတော်ကိုယ်စား အနီးကပ်ကြီးကြပ်တာဝန်ယူနေကြသည့် ဝန်ထမ်းများ၏ကဏ္ဍ အရေးပါ

ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်သွားရန် လိုအပ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများပါဝင်လာအောင် စည်းရုံးဦးဆောင်

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မတ် ၂၀ ရက် ညနေ ၃ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ *စာမျက်နှာ ၁၂ ကော်လံ ၁* ✻

(၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

* တစ်ပင်ကိုတစ်ပင်ယှက် ဆက်နွယ်ကြည်ဖြူ တပ်နှင့်ပြည်သူ — လိုင်ဘွား(ပါရမီ)၏ ဆောင်းပါး စာ - ၈
* တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စာ - ၉
* စွမ်းရည်ရှိသော တပ်မတော် — မြင်းမူမောင်နိုင်မိုး၏ ကဗျာ စာ - ၁၀
* (၆၄)နှစ်မြောက် တပ်မတော်နေ့ အဓိဋ္ဌာန်(၄)ချက် — ဘိုမျိုး(ရွှေဘို)၏ ကဗျာ စာ - ၁၀